မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၁၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျိုက်လတ်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်တွင် ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

တိုးတက်လာမည့် လူဦးရေအတွက် ဆန်စပါးဖူလုံပိုလျှံစေရန်ရည်မှန်းပြီး စပါးစိုက်ဧကများတိုးချဲ့ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်းမျိုးသန့်နှင့် ပညာပေးအစီအစဉ်များ ပံ့ပိုးကူညီ

သမားရိုးကျစိုက်ပျိုးရေးစနစ်ကျော်လွှားပြီး နည်းစနစ်သစ်များဖြင့် သီးထပ်စိုက်ပျိုး

နေပြည်တော် မေ ၆

ဧရာဝတီတိုင်း မအူပင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၄ ရက် နံနက်ပိုင်းတွင် မအူပင်မြို့ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မအူပင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မအူပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းက မအူပင်မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ မိုးစပါးစိုက်ဧက ၁၄၂၂၆၇၊ နွေစပါး စိုက်ဧကလျာထားမှု ၁၁၉၆၇၆ အနက် ဧက ၉၂၈၈၀ အထိ စိုက်ပျိုးနိုင်မှု အခြေအနေ၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရန် ဧက ၃၀၀၀ လျာထားချက်အပေါ် မျိုးစေ့တင်း ၂၀၀ ဖြန့်ဖြူးပြီး မျိုးစေ့တင်း ၁၈၀၊ စိုက်ပျိုးပြီးစီးမှု ၃၂ ဒသမ ၁၈ ဧကနှင့် ကျန်ရှိသည်များကို ဆက်လက် စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းနှင့် အားကစားအညွှန်း

ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၂) ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ရှော့လ်ကေးနှင့် စတုဂတ်တို့ အနိုင်ရရှိ



စတုဂတ် အသင်းမှ ဆာမစ်ခိုက်ဒီယာရာ ၏ ထိုးဖောက်ကစားဟန်။

ကမ္ဘာတစ်လွှားအားကစား (စာ - ၁၂)

ကျားစီးနေသော ကလေးငယ်



ကျားတစ်ကောင်အား အပျော်စီးနေသော ကလေးငယ်တစ်ဦးအား တွေ့ရစဉ်။

ကမ္ဘာတစ်လွှားထူးထူးခြားခြား (စာ - ၁၁)

အစားထိုးစိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြချက်အရ မအူပင်မြို့နယ်၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှုရှိသည်ကို သိရကြောင်း၊ နိုင်ငံတော်အနေဖြင့် နောင်အခါ တိုးတက်လာမည့်လူဦးရေအတွက် ဆန်စပါး ဖူလုံပိုလျှံစေရန်ရည်မှန်း၍ နှစ်စဉ်စပါးစိုက်ဧကများကို တိုးချဲ့ခြင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရန် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးစေခြင်း၊ ပညာပေးခြင်းနှင့် ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ပေးနေကြောင်း၊ သမားရိုးကျ စိုက်ပျိုးရေးစနစ်ကို ကျော်လွှားပြီး နည်းစနစ်သစ်များဖြင့် မိုးအခါတွင် ရေတော်မိုးတော် အနေအထားရှိပြီး နွေအခါတွင် စိုက်ပျိုးရေရရှိနိုင်မည့် လယ်မြေများတွင် တစ်နှစ် သုံးသီးစိုက်ပျိုးရန်၊ ရေနက်ကွင်းများတွင် စပါးမျိုးသစ် ရတနာ၀င်းစပါးမျိုးကိုအသုံးပြု၍ တစ်နှစ် နှစ်သီး စိုက်ပျိုးရန် ထိရောက်သည့် ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၇ ရက်)

ပြည်ပဈေးကွက်ဝင် သစ်သီးဝလံများ တင်ပို့ရောင်းချနိုင်ရေး တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အစိုးရသည် ပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ စပါးနှင့်ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်ရရှိရေးနှင့် စိုက်ဧကတိုးပွားလာရေးတို့ကို အလေးထားဖြည့်ဆည်းပေးလျက် ရှိသည်။

စိုက်ပျိုးရေရရှိရေးအတွက်လည်း ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို ဖော်ဆောင်ပေးလျက် ရှိသည်။

နိုင်ငံတစ်ဝန်းတွင် ၂၀၀၅-၂၀၀၆ခုနှစ်၌ စပါးတင်းသန်း ၁၃၂၆သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။ ယခင်ကာလများထက် နှစ်ဆကျော် တိုးတက်ထုတ်လုပ်နိုင်ခဲ့သဖြင့် ပြည်တွင်းစားသုံးမှုဖူလုံရုံမျှမက ပိုလျှံလျက်ရှိသည်။

မြန်မာ့ပဲသီးနှံသည် မြန်မာ့လယ်ယာထွက်ကုန်များအနက် အဓိက ပြည်ပပို့ကုန်ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအတွင်း ပဲမျိုးစုံထုတ်လုပ်ရေး ဦးဆောင်နိုင်ငံဖြစ်ပြီး အများဆုံးတင်ပို့သည့် နိုင်ငံလည်း ဖြစ်သည်။

ဆီထွက်သီးနှံ၊ နှစ်ရှည်ပင်၊ စားဖိုဆောင်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး၊ ပြည်ပဈေးကွက်ရှိသည့် ဟင်းသီးဟင်းရွက်၊ ဆေးဖက်ဝင်သစ်ခွနှင့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် နိုင်ငံတော်က အားပေးကူညီပံ့ပိုးလျက်ရှိသည်။ ယခုအခါ နိုင်ငံအတွင်း သစ်သီးဝလံမျိုးစုံ ၇၀ကျော်၊ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံမျိုးစုံ ၁၀၀ခန့်နှင့် ပန်းမန်အမျိုးပေါင်း ၇၀ခန့် စိုက်ပျိုးလျက်ရှိသည်။ ယင်းသစ်သီးဝလံများမှ အချို့ကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံအတွက်သာမက စိုက်ပျိုးထုတ်လုပ်သူများအတွက် အကျိုးကျေးဇူးများစွာရရှိသဖြင့် ပြည်ပဈေးကွက်ဝင် သစ်သီးဝလံသီးနှံများကို ယခုထက်ပိုမိုတိုးချဲ့ စိုက်ပျိုးထုတ်လုပ်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ရန် ကင်း မြို့ နယ် ကျောက်ကုန်း အောင်ဇေယျလမ်း အမှတ်(၇၆/က)နေ သား ဦး မောင် မင်း သူ-ဇနီးဒေါ် စန္ဒာထွန်း၊ မြေး မဟန်နီမင်းသူ (မြသီတာမိသားစု) တို့က ကွယ်လွန်သူ မိခင်ကြီး ဒေါ် ခရစ္စတင်းမြိုင် (ခ) ဒေါ် စန်း စန်း မြိုင် (၁၀) နှစ်မြောက်အား ရည်စူး၍ ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြားလေးချပ် အလှူငွေကျပ်တစ်သိန်းကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

မေခ၊ မေလိခမြစ်ဝှမ်းနှင့် မြစ်ဆုံဒေသ ရေအားလျှပ်စစ်စီမံကိန်းများ ချီဖွေချောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး စီမံကိန်းရုံး (မြစ်ကြီးနား)ဖွင့်ပွဲ

နေပြည်တော် မေ ၆

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့သည် မေ ၁ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ ကျင်းပသော မေခ၊ မေလိခ မြစ်ဝှမ်းနှင့် မြစ်ဆုံဒေသ ရေအားလျှပ်စစ်စီမံကိန်းများ၊ ချီဖွေချောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးစီမံကိန်းရုံး (မြစ်ကြီးနား)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး China Power Investment Corporation မှ Vice President Mr. Shi Chengliang နှင့် CISPDR မှ Project Manager Mr. Niu Xinqiang တို့က အမှာစကားပြောကြားကြသည်။

ဆိုင်းဘုတ်ဖွင့်လှစ်ပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် CPIမှ Vice President Mr. Shi Chengliang တို့ကစီမံကိန်းရုံးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ CPI မှ Vice President Mr. Shi Chengliang ၊ အေးရှားဝေါလ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် CPI Southerm Branchမှ မစ္စတာလီထယ်ကျန့်တို့က စီမံကိန်းရုံး (မြစ်ကြီးနား)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထိုမှ တစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြောက်ဘက် ဗန်မော်မြို့မှ ၃၃ မိုင်အကွာ ကလုံကျေးရွာအနီး တာပိန်မြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်မည့် တာပိန်(၁) ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြသည်။

ဆွေးနွေးမေးမြန်း

ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ တိုင်းမှူးနှင့် ဝန်ကြီးများအား တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မည့် Central China Power Grid (CCPG) မှ Vice General Manager Ms. Xiong Heng XIက စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးများက ပြန်လည်ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သစ်သီးခြင်းလက်ဆောင်

ထို့နောက် စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသော တရုတ် ပညာရှင်များအား အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက သစ်သီးခြင်းလက်ဆောင်ပေးအပ်ရာတရုတ်ပညာရှင်များကိုယ်စား CCPGမှ Vice General Manager Ms. Xiong Heng XI က လက်ခံယူသည်။

ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်

တာပိန်(၁)ရေအားလျှပ်စစ် စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ပြီးပါက လျှပ်စစ်ဓာတ်အား ၂၄၀ မဂ္ဂါဝပ် ရရှိမည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၀၈၁ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၇-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၂၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၉။ နိုင်ငံတကာသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသသတင်း
- ၆း၂၀ ၁၁။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၆း၃၅ ၁၂။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၄၈)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ မေးမြန်းစူးစမ်း
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၃)

ရှင်သာမဏေဓမ္မဗိမာန် တရားစခန်း

ရန်ကုန် မေ ၆

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့် မြတ်တရားတော်များကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဒလ-အံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးသန်းရွှေ(မဟာသဒ္ဓမ္မဇောတိကဓဇ)က ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော်အရှေ့ဘက်အနီး ရှင်သာမဏေဓမ္မဗိမာန်၌ မေ ၈ ရက်မှ ၁၄ရက်အထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအတွင်း ဟောကြားပြသမည်ဖြစ်ရာ အချိန်ပိုင်းတရားစခန်း ဝင်ရောက်လိုသူများ ဖုန်း-၃၈၇၃၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

မိဘများဖြစ်သော ဦးသိန်းနိုင်-ဒေါ်စန်းကြည်၊ ဦးကျင်ဝမ်-ဒေါ်သန်းမြင့်တို့အား အမှူးထား၍ သားသမီးများဖြစ်သော မောင်ဖြိုးဝေနိုင်-မခင်သီတာ (ယူအက်စ်အေ)တို့၏ မင်္ဂလာဦးအထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေး

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ(၂၀၀၇) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ (၂၀၀၇) ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဋ္ဌေးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသော နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်မာမာဝေ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေနှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ အသင်းများဖက်ဒရေးရှင်း (IFRC)မှ ဌာနေကိုယ်စားလှယ် Ms. Bridget Gardner, ICRC မှ ကိုယ်စားလှယ် Mr. Pierre Andrae Conod နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဂုဏ်ပြု

ဆက်လက်၍ ထူးချွန်ကြက်ခြေနီမောင်မယ်များအား ထူးချွန်ကြက်ခြေနီ တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၆ရက်က ရန်ကုန်တိုင်း ဗဟန်း မြို့နယ် ရွှေတောင်ကြား(၁) ရပ်ကွက် အမှတ်(၇၀)တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိ စာသင်တိုက် အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ် ကျောင်းဆောင် ကြီး အတွက် အမှတ်

၁၁၂-အေ ယောမင်းကြီးလမ်း အင်းစိန်နေ ဒေါက်တာအောင်သန်းဘတူ-ဒေါက်တာဒေါ်ခင်ခင်ထွေး မိသားစုတို့က ငွေကျပ်တစ်သိန်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လမ်းခင်းကျောက်များ စနစ်တကျစုဆောင်း၊ လမ်းများပြုပြင်ထိန်းသိမ်း လမ်းဘေးဝဲယာ ရေစီးရေလာကောင်းရန် ရေနုတ်မြောင်းတူးဖော်

နေပြည်တော် မေ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၁) လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် လမ်းပိုင်း(၂၁/၁)မိုင်အနီးတွင် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကတ္တရာခင်းရန်အတွက် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု ကတ္တရာလမ်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးခဲ့သော ကျောက်ချောလမ်းခင်းခြင်း(၆/၅)မိုင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လမ်းခင်းကျောက်များ စနစ်တကျစုဆောင်းရန်၊ ဆောင်ရွက်ပြီးလမ်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ လမ်းဘေးဝဲယာ ရေစီးရေလာကောင်းအောင် ရေနုတ်မြောင်းများ တူးဖော်ခြင်း ဆောင်ရွက်ရန်နှင့် လမ်းဘေးဝဲယာ သစ်ပင်များ စိုက်ပျိုးရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ပဲခူးတိုင်း (အနောက်ပိုင်း)မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၁) သာယာဝတီမြို့နယ် လမ်းပိုင်းသို့ ဆက်လက်ထွက်ခွာလာရာ သာယာဝတီမြို့နယ် လမ်းပိုင်းရှင်းလင်းဆောင်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကျောက်ချော လမ်းခင်းခြင်း၊ သစ်သားတံတားတည်ဆောက်ခြင်းနှင့် ရေပြွန်များတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သာယာဝတီမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ် လမ်းပိုင်းများအတွင်း ဆောင်ရွက်ပြီးစီးသည့် ကျောက်ချောလမ်းခင်းခြင်း၊ သစ်သားတံတား တည်ဆောက်ခြင်း၊ ရေပြွန်များ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် သစ်သားတံတား တည်ဆောက်မည့်နေရာများသို့ မော်တော်ယာဉ်များဖြင့်သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မေ ၃ ရက်က ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ် လမ်းပိုင်းများရှိ ကျောက်ချောလမ်းခင်းခြင်း၊ သစ်သားတံတား တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက်စစ်ဆေးသည်။

သစ်သားတံတား

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မကွေးတိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၁)လမ်းပိုင်းသို့ ဆက်လက်ထွက်ခွာလာရာ အောင်လံမြို့နယ် ဗျန်ဒီကျေးရွာအနီးရှိ လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က ဆောင်ရွက်ပြီးစီးသည့် ကတ္တရာ(၁၄/၄)မိုင်၊ ကျောက်ချောလမ်း (၁၈/၄) မိုင်ခင်းခြင်း၊ သစ်သားတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် အောင်လံမြို့နယ်လမ်းပိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်လမ်းပိုင်း၊ တောင်တွင်းကြီးမြို့နယ် လမ်းပိုင်းများရှိ ဆောင်ရွက်ပြီး ကျောက်ချောလမ်းများ၊ သစ်သား တံတားများကို စစ်ဆေးကြောင်းသိရသည်။ **(သတင်းစဉ်)**

မြစ်ကြီးနားမြို့နယ် တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဖွင့်

ရန်ကုန် မေ ၆

မြစ်ကြီးနား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကချင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်နယ်တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာအခြေခံသင်တန်း အမှတ်စဉ် (၃/၂၀၀၇) ဖွင့်ပွဲကို ဧပြီ ၂၄ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း သိရိခန်းမ၌ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်မောင်ဦး**(အောက်ပုံ)**၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်၊ ကချင်ပြည်နယ် တာဝန်ခံဆရာ ဦးသာအောင်၊ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးမြကြိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးညွှန့်ဝင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဂျွန်လရိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ သင်တန်းစည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ဖခင်ကြီး ဦးသော်-မိခင်ကြီး ဒေါ်အေးဖော့တို့အား အမှူးထား၍ ဦးအောင်ဘော်၊ ဒေါ်ကြီးမေ၊ ဒေါ်လေးမေမိသားစုတို့က ညီမ(ဒေါ်တင်တင်) ကွယ်လွန်သည့် နှစ်နှစ်ပြည့်အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့်ဥက္ကဋ္ဌ ပါရဂူ ဗိုလ်မှူးကြီးမျိုးညွှန့်တို့က လက်ခံယူစဉ်။ (က-ပ)

7-5 (03) 1 5/6/07, 1:35 PM

အမျိုးသမီးများနှင့် နှလုံးရောဂါ

ပါမောက္ခ ဒေါ်ခင်မေစန်း

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်အမျိုးသမီးများကို အများဆုံးအသက်ဆုံးရှုံးစေသော ရောဂါစုမှာ နှလုံးနှင့်သွေးကြောရောဂါများဖြစ်ပါသည်။ သို့သော်လည်း အမျိုးသမီးတိုင်း ကြောက်တတ်ကြသည်မှာ ရင်သားကင်ဆာရောဂါကဲ့သို့သော ကင်ဆာရောဂါများဖြစ်ပါသည်။ နှလုံးရောဂါဖြစ်လာလျှင် အမျိုးသမီးများတွင် အမျိုးသားများနှင့် မတူညီသော အချက်အလက်များစွာရှိပါသည်။ ဥပမာ-နှလုံးသွေးကြောရောဂါ ဖြစ်စေသော အကြောင်းအချက်များ၊ ပူးတွဲဖြစ်နေသော ရောဂါများ၊ ရောဂါဖော်ထုတ်ရာတွင်နှင့် ကုသရာတွင် အသုံးပြုသော နည်းနိဿယများသည် အမျိုးသမီးများတွင် အမျိုးသားများနှင့် ကွာခြားတတ်သည်။ ကမ္ဘာတစ်ဝန်းတွင် ဆောင်ရွက်ခဲ့သော သုတေသန အများစုသည်လည်း အမျိုးသားများကိုသာလျှင် ဦးတည်၍ ဆောင်ရွက်ထားသည်ဖြစ်၍ ဤသို့ကွာခြားသည်ကို သိပင်သော်ငြားလည်း အမျိုးသမီးများနှင့် ပတ်သက်သော အချက်အလက်များ စုံလင်စွာ လေ့လာထားခြင်းမရှိသေးသဖြင့် ကုသရာတွင် အမျိုးသားများနှင့် တူညီသောအခွင့်အရေး မရသေးပါ။

ဗီဇနှင့်ဟော်မုန်းများ

ကျား၊မ မရွေး လူတိုင်းတွင် ခရိုမိုဆုန်း စုစုပေါင်း ၄၆ခုရှိသည့်အနက် တစ်ခု၌သာလျှင် အမျိုးသားနှင့်အမျိုးသမီး ကွာခြားပါသည်။ သို့ရာတွင် ဤခရိုမိုဆုန်းတစ်ခု ကွာခြားချက်က အမျိုးသားနှင့်အမျိုးသမီးများ၏ ကျန်းမာခြင်းနှင့် ရောဂါဖြစ်ခြင်းတို့ကို ထူးကဲစွာ ကွဲပြားစေသည်။ ငယ်ရွယ်ပြီး သွေးမဆုံးသေးသော အမျိုးသမီးများတွင် အီစထရိုဂျင်ဟော်မုန်းက နှလုံးသွေးကြောကျဉ်းရောဂါမှ အကာအကွယ်ပေးသည်ကို သိပ္ပံပညာရှင်များ လက်ခံပြီးဖြစ်ပါသည်။ သို့ပါလျက် ဤအီစထရိုဂျင်ဟော်မုန်းကို နှလုံးသွေးကြောရောဂါ ကာကွယ်ရေးနှင့် ကုသရေးတွင် အသုံးပြု၍ ရ၊ မရ သုတေသနများက အဖြေမဖော်ပေးနိုင်သေးပါ။ ယခုလက်ရှိ ဆောင်ရွက်ပြီးခဲ့သော သုတေသန အနည်းငယ်အရ သွေးဆုံးပြီး အမျိုးသမီးများတွင် အီစထရိုဂျင်ဟော်မုန်း အစားထိုးပေးခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်နိုင်သည်ဟု သက်သေမပြနိုင်ခဲ့ပါ။

အမျိုးသမီးနှင့် အမျိုးသားများ ဗီဇချင်းမတူညီကြသည့်အတွက် နှလုံးသွေးကြောရောဂါ ဖြစ်စေသော အကြောင်းအချက်များမှာလည်း မတူညီကြပါ။ ဥပမာ-သွေးခဲစေသော အကြောင်းရင်းများ (Fibrinogen) နှလုံး ကြွက်သားများ၏ ဒဏ်တုံ့ပြန်ခြင်း စသည်တို့၌ ကွာခြားကြပါသည်။

စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကွာခြားချက်များ

ပုံမှန်အားဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် သက်တမ်းပိုရှည်သဖြင့် နှလုံးရောဂါရှင် အမျိုးသမီးများသည် အမျိုးသားများထက် အသက်အရွယ်ပိုကြီးသည်။ ပူးတွဲရောဂါများ ပိုဖြစ်သည့်အပြင် အားအင်ချည့်နဲ့၍ ရောဂါဒဏ်ကို မခံနိုင်ကြပါ။ မိမိတို့အိမ်ရှိ အမျိုးသားအပါအဝင် အိမ်သားများကို ပြုစုရသည့်အပြင် မိမိတို့ကို လူမှုရေးစိတ်ပိုင်းနှင့် ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများ အရနည်းတတ်သည်။ ဤအားနည်းချက်များကြောင့် အမျိုးသမီးများမှာ အမျိုးသားများကဲ့သို့ ဆေးကုသရန် အခွင့်အရေးတန်းတူ မရတတ်ပါ။

အမျိုးသမီးများတွင် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်စေသော အကြောင်းအရာများ

ဆီးချိုသွေးချိုရောဂါနှင့် ဇီဝကမ္မချို့ယွင်းမှုလက္ခဏာစု (Metabolic Syndrome)

ဆီးချိုသွေးချိုရောဂါသည် အမျိုးသမီးများတွင် ပုံမှန်ရှိသည့် အီစထရိုဂျင်ဟော်မုန်းဓာတ်ကြောင့် ရောဂါကာကွယ်မှုကို ပျက်ပြားစေသည်။ ဆီးချိုသွေးချိုရောဂါသည်သာမက အင်ဆူလင်ဓာတ်၏အာနိသင်ကို လျော့နည်းလာသည့် ရောဂါရှေ့ပြေး အခြေအနေကပါ အမျိုးသမီးများတွင် နှလုံးသွေးကြောများကို ပိတ်စေသည်။ ဤဇီဝကမ္မ ချို့ယွင်းမှုလက္ခဏာစုတွင် ဝမ်းဗိုက်ပူခြင်း၊ သွေးတိုးခြင်း၊ သွေးအဆီဓာတ်များခြင်း၊ အင်ဆူလင်ဓာတ်၏ အာနိသင်ကို လျော့နည်းခြင်းတို့ တွဲဖက်ပါဝင်ကြကာ နှလုံးသွေးကြောရောဂါကို ပုံမှန်ထက်ပို၍ ဖြစ်စေသည်။ သွေးကြောနံရံများ ရောင်ရမ်းစေသည်။ ဝမ်းဗိုက်ပူခြင်းသည် အမျိုးသမီးများတွင် အမျိုးသားများထက် နှလုံးရောဂါ ပိုဖြစ်စေနိုင်သည်။ အမေရိကန် နှလုံးအဖွဲ့အစည်းက နှလုံးသွေးကြောရောဂါ အန္တရာယ် တွက်ချက်သည့်ဇယားတွင် ဆီးချို၊ သွေးချိုရောဂါရှိသော အမျိုးသမီးများအား အန္တရာယ် နှစ်ဆတိုး၍ တွက်ချက်ခန့်မှန်းသည်။

သွေးတိုးရောဂါ

အမျိုးသမီးများတွင် သွေးတိုးရောဂါရှိပါက အသက်အရွယ်ရလာသည်နှင့်အမျှ နှလုံးသွေးကြောရောဂါ အန္တရာယ်သည် သိသိသာသာ မြင့်မားလာသည်။ အသက်ပိုရှည်ကြ၍ သွေးတိုးရောဂါ၏ နောက်ဆက်တွဲရောဂါများကို ပိုတွေ့ရသည်။ အငန်ဓာတ်လျှော့စားခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုခြင်းနှင့် ကိုယ်အလေးချိန် လျှော့ခြင်းတို့က အမျိုးသမီးများတွင် သွေးပေါင်ချိန်ကို လျော့စေသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေးလိုက်စားမှု နည်းကြသည်။ ဆေးဝါးများ၏ အာနိသင်သည် အမျိုးသားနှင့် အမျိုးသမီးတွင် ကွဲပြားတတ်သည်။ ဥပမာ- ဆီးဆေးများသည် အမျိုးသမီးများတွင် ပို၍ထိရောက်သော်လည်း အမျိုးသားများတွင်မူ ACEI ဆေးအမျိုးအစားက ပို၍ထိရောက်သည်။

ဆေးလိပ်သောက်ခြင်း

ဆေးလိပ်သောက်သော အမျိုးသမီးများသည် ဆေးလိပ်မသောက်သော အမျိုးသမီးများထက် ၆ဆမှ ၉ဆပို၍ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းတို့ ဖြစ်တတ်သည်။ ဆေးလိပ်သောက်ပြီး ကိုယ်ဝန်တားဆေးများ သောက်သုံးသော အမျိုးသမီးများတွင် အထူးပို၍ သွေးကြောများ ပိတ်တတ်သည်။ ဆေးလိပ်သည် အမျိုးသမီးများကို သဘာဝက အကာအကွယ်ပေးသည့် အီစထရိုဂျင်ဟော်မုန်းဓာတ်၏ အာနိသင်ကို ပျက်ပြယ်စေသည်။ လက်ရှိသုံးစွဲနေသော ဆေးလိပ်ဖြတ်သည့် နည်းနိဿယများသည် အမျိုးသမီးများတွင် အမျိုးသားများလောက် မအောင်မြင်ပါ။ ထို့ပြင် ဆေးလိပ်မသောက်သော်ငြားလည်း ဘေးထွက်ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့် အမျိုးသမီးများ၌လည်း နှလုံးသွေးကြောရောဂါ ဖြစ်တတ်သည်။

သွေးတွင်း အဆီဓာတ်

အမျိုးသမီးများတွင် အသက်အရွယ်အလျောက် သွေးတွင်းအဆီဓာတ်များပြောင်းလဲသည်။ အီစထရိုဂျင်ဟော်မုန်းရှိသည့် လူရွယ်အမျိုးသမီးများတွင် ရွယ်တူအမျိုးသားများထက် မကောင်းသော LDL-C နည်းပြီး ကောင်းကျိုးပေးသော HDL-Cများသည်။ သို့ရာတွင် အသက်အရွယ်ရလာသည်နှင့်အမျှ LDL-Cများလာပြီး HDL-Cနည်းလာသည်။ ထူးခြားမှုမှာ အသက် ၆၅နှစ်နှင့်အောက် အမျိုးသမီးတို့တွင် Total Cholesterol နှင့် LDL-C တို့များခြင်းထက် HDL-C နည်းခြင်းက နှလုံးသွေးကြောရောဂါ ပိုဖြစ်စေသည်ကို တွေ့ရသည်။ ထိုနည်းတူ Triglycerides ကလည်း အမျိုးသမီးများတွင် အရေးပါသည်။ ထို့ပြင် Lipoprotein(a), Apolipoprotein-B 100, Apolipoprotein(a) ကဲ့သို့ သွေးအဆီဓာတ်၏ အစိတ်အပိုင်းများမှာ အမျိုးသမီးများတွင် အရေးကြီးနေသည်။ အဆီများသော အာဟာရကို ကြပ်မတ်စွာ လျှော့စားခြင်းသည် အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် ထိရောက်မှုနည်းသည်။ သွေးတွင်း အဆီချဆေးများ HMG CoA Reductase Inhibitors များ၏ ထိရောက်မှုကို သုတေသန မြောက်မြားစွာပြုခဲ့ပြီး ဖြစ်သော်လည်း အမျိုးသမီးများကို အဓိကဦးတည်ပြီး လေ့လာခြင်း မပြုခဲ့ပါ။

အီစထရိုဂျင်ဟော်မုန်းဓာတ်

သွေးမဆုံးသေးသော အမျိုးသမီးများရှိ အီစထရိုဂျင်ဟော်မုန်းက နှလုံးသွေးကြောရောဂါကို ကာကွယ်သည်ဟူသော ယူဆချက်ကြောင့် သွေးဆုံးပြီး အမျိုးသမီးများကို အီစထရိုဂျင်ဟော်မုန်းကို ပေး၍ သုတေသနများ ပြုခဲ့ကြသည်။ သို့ရာတွင် ထင်မှတ်ထားသကဲ့သို့ မတွေ့ရှိခဲ့ပါ။ နှလုံးသွေးကြောရောဂါ ပို၍ပင်ဖြစ်သည့်အပြင် ရင်သားကင်ဆာ၊ သွေးခဲ၍သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းတို့ပါ ပို၍ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် သွေးဆုံးပြီး အမျိုးသမီးများတွင် အီစထရိုဂျင်ဟော်မုန်းအစားထိုးခြင်းသည် နှလုံးသွေးကြောရောဂါကို မကာကွယ်နိုင်ပါ။

အဝလွန်ရောဂါ

လက်ရှိအခြေအနေတွင် ကမ္ဘာတစ်ဝန်း၌ အမျိုးသမီးများသည် ပို၍ကိုယ်အလေးချိန် များနေကြသည်။ ကိုယ်အလေးချိန်များခြင်းသည် အထက်တွင်ဖော်ပြခဲ့ပြီးသော ဇီဝကမ္မ ချို့ယွင်းမှုလက္ခဏာစု (Metabolic Syndrome)၌ ပါဝင်၍ နှလုံးသွေးကြောရောဂါကို ဆောလျင်စွာ ဖြစ်စေသည်။

ကိုယ်လက်လှုပ်ရှားခြင်း

ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းသည် HDL-Cကို များစေ၍ ကိုယ်အလေးချိန်ကို လျော့စေကာ နှလုံးသွေးကြောရောဂါကို ကာကွယ်သည်။ အမျိုးသမီးများသည် အမျိုးသားများထက် ကိုယ်လက်လှုပ်ရှားမှုနည်းသည်။ ထို့ကြောင့် ဆီးချိုသွေးချိုရောဂါ၊ အဝလွန်ခြင်းနှင့် သွေးတိုးရောဂါတို့ ဖြစ်လာနိုင်ဖွယ်ရှိသည်။ အမျိုးသမီးများသည် မိသားစု တာဝန်များနှင့် အချိန်ကုန်ပြီး ပင်ကိုအင်အားနည်းတတ်သဖြင့် ပုံမှန်အားကစားကို ပြုလုပ်လေ့မရှိကြပါ။

စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကြောင်းအချက်များ

စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကြောင်းအချက်များ ဖြစ်သည့် ဆေးလိပ်သောက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အဝလွန်ခြင်းတို့ကို ပြုပြင်ရန် အမျိုးသမီးများတွင် အမျိုးသားများထက် ပို၍ ခက်ခဲသည်။

နှလုံးသွေးကြောရောဂါဖြစ်စေသော အကြောင်းအချက်အသစ်များ

နှလုံးသွေးကြောရောဂါ ဖြစ်စေသော အကြောင်းအချက် အသစ်များတွင် ဥပမာ- Fibrinogen, Factor V Leiden, Homocystine က အမျိုးသားများနည်းတူ အမျိုးသမီးများတွင် အရေးပါကြသည်ကို တွေ့ရှိထားပါသည်။

နှလုံးသွေးကြောရောဂါ ပဏာမကာကွယ်ခြင်း (Primary Prevention)

အမျိုးသားများတွင်သာ နှလုံးသွေးကြောရောဂါကို ဖြစ်စေသော အကြောင်းအချက်များကို ဖော်ထုတ်သုံးသပ်ပြီး နှလုံးသွေးကြောရောဂါ အန္တရာယ်ကို ကြိုတင်တွက်ချက်ကာ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုစရိုက်များ ဆောင်ရွက်သည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် မိမိတို့၌ ရောဂါဖြစ်စေနိုင်သည့် အန္တရာယ်ကို မသိရှိတတ်သဖြင့် ကျန်းမာရေးကို ထိခိုက်စေသော ဆေးလိပ်သောက်ခြင်းကဲ့သို့ အပြုအမူများကို ဆောလျင်စွာ ပြုပြင်လေ့မရှိပါ။

နှလုံးသွေးကြောရောဂါ လက္ခဏာများ

နှလုံးသွေးကြောရောဂါ ဖြစ်လာလျှင်လည်း အမျိုးသားများနှင့် အမျိုးသမီးများတွင် ရောဂါလက္ခဏာများ ကွာခြားကြသည်။ ရင်ဘတ်အောင့်ခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါ၏ လက္ခဏာဖြစ်သော်လည်း အမျိုးသမီးရောဂါရှင်များသည် ဤသို့ရင်ဘတ်မအောင့်ဘဲ နှလုံးသွေးကြောပိတ်ကာ ရုတ်တရက် အသက်ဆုံးရှုံးတတ်သည်။ ထို့ပြင် ပုံမှန်လက္ခဏာများ မဟုတ်သည့် အမောလွယ်ခြင်း၊ ပင်ပန်းနွမ်းနယ်လွယ်ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ နားနေ၊ အိပ်ပျော်နေချိန်တွင် ရင်ဘတ်အောင့်ခြင်း စသည်တို့ကို အမျိုးသမီးများတွင် ပို၍ဖြစ်တတ်သည့်အလျောက် ရောဂါဖြစ်နေသည်ကို မသိလိုက်တတ်ကြပါ။ အသက် ၆၀ကျော် အမျိုးသမီးများသည် နှလုံးသွေးကြောရောဂါ ဖြစ်လာလျှင် အမျိုးသားများ တန်းတူ အသက်အန္တရာယ်ရှိသည်။ အသက် ၆၀ အရွယ်အောက် အမျိုးသမီးများ နှလုံးသွေးကြောပိတ်ပါက ရွယ်တူအမျိုးသားများထက် အသက်ဆုံးရှုံးမှု ပိုများသည်။

နှလုံးသွေးကြောရောဂါကို ဖော်ထုတ်စမ်းသပ်ခြင်း

နှလုံးသွေးကြောရောဂါကို ဖော်ထုတ်စမ်းသပ်ရာတွင် အသုံးပြုသည့် နည်းနိဿယတို့တွင် အီးစီဂျီသည် အမျိုးသမီးများတွင် အမျိုးသားများမှာကဲ့သို့ တိကျမှု မရှိပါ။ ထိုနည်းတူ လမ်းလျှောက်စက်ပေါ်တွင် အီးစီဂျီတပ်၍ နှလုံးစမ်းသပ်ရာတွင်လည်း အမျိုးသမီးများတွင် တိကျသောအဖြေ မရတတ်ပါ။ အဏုမြူဓာတ်သုံး၍ နှလုံးသွေးကြော အခြေအနေကို စမ်းသပ်ခြင်း(**SPECT**)သည်ပင် အမျိုးသမီးများတွင် တိကျမှန်ကန်မှု မရှိပါ။ လေ့ကျင့်ခန်းပြုလုပ်ပြီး နှလုံးတယ်လီဗေးရှင်းရိုက်၍ စမ်းသပ်မှု (**Stress Echocardiography**)တွင် အမျိုးသမီးများတွင် ပို၍ တိကျသော အဖြေများ ပေးပါသည်။

နှလုံးသွေးကြော ဓာတ်မှန်ရိုက်ခြင်း

သွေးလွှတ်ကြောအတွင်းသို့ ပိုက်များထည့်၍ နှလုံးသွေးကြော ဓာတ်မှန်ရိုက်ခြင်းသည် အမျိုးသမီးများတွင် အမျိုးသားများထက် အန္တရာယ်များသည်။ အမျိုးသမီးများက အသက်အရွယ်ပိုကြီးပြီး ကိုယ်ခန္ဓာနှင့် သွေးလွှတ်ကြောများ သေးကာ တွဲဖက် ဆီးချို၊ သွေးချိုရောဂါရှိနေတတ်သဖြင့် စမ်းသပ်နေချိန်တွင် နှလုံးသွေးကြောပိတ်၍ လေဖြတ်တတ်သည်။

ကျား၊မ ခွဲခြားမှု

ကမ္ဘာတစ်ဝန်းတွင် လက်ရှိအခြေအနေအရ နှလုံးသွေးကြောရောဂါနှင့် ပတ်သက်သည့် အထူးစမ်းသပ်ချက်များ၊ ကုသချက်များကို အမျိုးသားများက အမျိုးသမီးများထက် ပိုမိုအခွင့်အရေး ရနေသည်ကို တွေ့ထားပါသည်။ ဆေးကုသခွင့်မရပါက အမျိုးသမီးနှလုံးရောဂါသည် များသည် အမျိုးသားများထက် အသက်ဆုံးရှုံးမှုများပြားသည်ကိုလည်း သိရှိထားသည့်အတွက် အမျိုးသမီးများအား အမျိုးသားများနှင့် မခွဲခြားဘဲ တန်းတူ ကုသမှုပေးရန် အရေးကြီးပါသည်။

အမျိုးသမီးများ၌ နှလုံးသွေးကြောရောဂါကို ကုသမှုပေးခြင်း

နှလုံးသွေးကြောကျဉ်း အရေးပေါ်အခြေအနေများ (Acute Coronary Syndrome)

အမျိုးသမီးများသည် ပုံမှန်လက္ခဏာဖြစ်သည့် ရင်ဘတ်အောင့်ခြင်းကို မခံစားရဘဲ ပုံမမှန်လက္ခဏာများဖြစ်သည့် မေးရိုး၊ လည်ပင်း၊ ပခုံး၊ ဗိုက်အောင့်ခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ ရင်တုန်၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားကြရတတ်သည်။ အထူးသဖြင့် အသက်အရွယ်ကြီးသော အမျိုးသမီးများတွင် လက္ခဏာမပြဘဲနှင့် နှလုံးသွေးကြောပိတ်တတ်သည် (Silent Infarction)။ ထို့ကြောင့် ရောဂါအမည်ဖော်ထုတ်ရန် ခက်ခဲတတ်သည်။ နှလုံးသွေးကြောပိတ်လျှင် အမျိုးသမီးများသည် အမျိုးသားများထက် နှစ်ဆပို၍ အသက်အန္တရာယ်ရှိသည်။ နှလုံးသွေးကြောပိတ်ရာတွင် အသုံးပြုလေ့ရှိသည့် ကုထုံးများကလည်း အမျိုးသားများမှာထက် ထိရောက်မှုနည်းပြီး အန္တရာယ်ပိုများသည်။ နှလုံးသွေးခဲဖျော်ဆေးများသည် သွေးယိုစိမ့်ခြင်း ပိုဖြစ်စေတတ်သည်။ နှလုံးသွေးကြောတွင်းသို့ ပိုက်ထည့်၍ စမ်းသပ်ရာတွင်လည်း အန္တရာယ်ပိုများသည်။ နှလုံးသွေးကြောချဲ့ရာတွင် အောင်မြင်မှုနည်းပြီး အန္တရာယ်ပိုများသည်။ ခွဲစိတ်ကုသရာတွင် အမျိုးသားများထက် အသက်ဆုံးရှုံးမှု လေးဆပိုများနိုင်သည်။ ခွဲစိတ်ကုသခြင်း၏ အကျိုးသက်ရောက်မှုများ (ရင်ဘတ်အောင့်မှု ကင်းဝေးခြင်း၊ ပြန်လည်သန်စွမ်း၍ ပုံမှန်အလုပ်များ ပြန်လုပ်နိုင်ခြင်း) အရနည်းတတ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်လှစ် အမျိုးသမီးဘောလုံးအသင်း ၁၄သင်း ပါဝင်ယှဉ်ပြိုင်

နေပြည်တော် မေ ၆

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ၄ရက် ညနေ ၅နာရီတွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း၊ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း နေရာယူကြပြီး ဝန်ကြီးထံ ယခင်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအသင်းက ဒိုင်းဆုကြီးကို ပြန်လည်အပ်နှံပြီးနောက် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကိုရွတ်ဆိုကြပြီး အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသည်။ ဖွင့်ပွဲအပြီးတွင် ပထမပွဲစဉ်အဖြစ် မန္တလေးတိုင်း အမျိုးသမီးအသင်းနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းအသင်းက ၁၀ဂိုး -နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲဝင် ပထမအဆင့် အုပ်စုပွဲစဉ်များကို မေ၂ရက်အထိ မန္တလေးမြို့ အောင်မြေမန္တလာ အားကစားကွင်း၊ ရွှေမန်းတောင်အားကစားကွင်း၊ ပြင်ဦးလွင်ခရိုင် အားကစားကွင်းနှင့် ကျောက်ဆည်ခရိုင်အားကစားကွင်းတို့၌ လည်းကောင်း၊ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို မေ၄ရက်မှ ၂၁ရက်အထိ မန္တလေးမြို့ အောင်မြေမန္တလာ အားကစားကွင်းနှင့်ရွှေမန်းတောင်အားကစားကွင်းတို့၌ လည်းကောင်း၊ အကြိုဗိုလ်လုပွဲများကို မေ၂၃ရက်တွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ လည်းကောင်း၊ တတိယနေရာ လုပွဲနှင့် ဗိုလ်လုပွဲကို မေ၂၅ရက်တွင် ဗထူးအားကစားကွင်း၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့်ဧရာဝတီတိုင်းတို့မှ အမျိုးသမီးဘောလုံးအသင်း ၁၄သင်းပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဒ္ဓမ္မဇောတိကဓဇ အရှင်ဩဘာသ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၆

နိုင်ငံတော်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း ပဓာနနာယက ဆရာတော် အရှင်ဩဘာသ၏ ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်အား ချီးကျူးဂုဏ်ပြုပွဲကို ယနေ့နံနက် ၉နာရီက မြတ်မင်္ဂလာကျောင်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အစိုးရဓမ္မာစရိယ ပါဠိပါရဂူမဟာဒွါရနိကာယ၊ အနုနာယက ဘဒ္ဒန္တ ဂုဏောသနနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာကုမာရာဘိဝံသနှင့် သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်ဦးထင်မျိုးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်သည်။

ငင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဂုဏောသနထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ဆရာတော်ဘဒ္ဒန္တပညာသာမိ၊ဆရာတော်ဘဒ္ဒန္တပညာလင်္ကာရတို့က ဖတ်ကြားပြီး အဆိုတော်များက ရတုပိုဒ်စုံများဖြင့် သီကျူးပူဇော်ကြသည်။ ထို့နောက် ဦးအောင်ကြည်မြင့်၏ ထေရုပ္ပတ္တိအကျဉ်းကို ဦးစိုးသန်းက ဖတ်ကြားပြီး ဆရာတော်အား ဘွဲ့တံဆိပ်နှင့်ဂုဏ်ပြုလွှာတို့ကို ပူဇော်ပွဲကျင်းပရေးအဖွဲ့ နာယက ဆရာမကြီး ဒေါ်မိမိငယ်က ဆက်ကပ်လှူဒါန်းသည်။

ရေစက်ချ

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌဦးချိုအေးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** ယင်းနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ဆရာတော်ဒေါက်တာကုမာရာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီးလှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းချအမျှပေးဝေကြသည်။ **(က-ပ)**

စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

အမျိုးသမီးများကို ဆေးဝါးများဖြင့် ကုသရာတွင် အမျိုးသားများမှာကဲ့သို့ ပြည့်စုံခြင်း မရှိတတ်သည်ကို ကမ္ဘာတစ်ဝန်း သုတေသနများက ဖော်ထုတ်ခဲ့သည်ဖြစ်၍ ယခုလက်ရှိခေတ်တွင် အမျိုးသမီးလူနာများအား တန်းတူအခွင့်အရေးများ ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

အမျိုးသမီးများနှင့် လေဖြတ်ရောဂါ

လေဖြတ်စေသောအကြောင်းအချက်များ

အမျိုးသမီးများတွင် လေဖြတ်စေသောအကြောင်းအချက်များသည် အမျိုးသားများနှင့် တူညီသည်။(ဥပမာ-သွေးတိုးရောဂါ၊ ဆေးလိပ်သောက်ခြင်း၊ သွေးအဆီများခြင်း၊ သွေးချိုဆီးချိုရောဂါ၊ အဝလွန်ရောဂါ) ထို့အပြင် ပိုမိုထူးကဲသော အခြားအကြောင်းအချက်များလည်း ရှိတတ်သည်။ အမျိုးသမီးများတွင် အမျိုးသားများထက် သွေးကိုပျစ်စေသည့် ပစ္စည်းများ ပိုမိုများပြားသဖြင့် သွေးခဲလွယ်သည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်များ၊ ကိုယ်ဝန်တားဆေးစားသူ အမျိုးသမီးများနှင့် အီစထရိုဂျင်ဟော်မုန်းဆေးမှီဝဲနေသူ အမျိုးသမီးများတွင် သွေးခဲလွယ်သဖြင့် သွေးပြန်ကြောပိတ်ဆို့ခြင်း(Venous Thromboembolism)၊ နှလုံးနှင့် ဦးနှောက်သွေးကြောပိတ်ခြင်းတို့ ပို၍ဖြစ်သည်။ အမျိုးသမီးငယ်များ၌ Homocysteine, Antiphospholipid Antibody Syndrome တို့ကလည်း လေဖြတ်စေကြောင်းကို သိရှိထားပါသည်။ ကိုယ်လက်လှုပ်ရှားခြင်း၊ ငါးများတွင် ပါသည့် Omega-3 fatty acid၊ နံ့စားသီးနှံများကို မပြုပြင်ဘဲ သဘာဝအတိုင်း စားသုံးခြင်းတို့သည် အမျိုးသမီးများ၌ လေဖြတ်သည်ကို ကာကွယ်နိုင်သည်။ သွေးတိုးရောဂါကို ထိရောက်စွာ ကုသခြင်းသည် လေဖြတ်သည်ကို ကာကွယ်၍ Angiotensin receptor blockers (ARB)နှင့် ဆီးဆေးများသည် ဒုတိယအကြိမ် လေဖြတ်ခြင်းမှ ကာကွယ်နိုင်သည်။ Aspirinသည် အမျိုးသမီးများတွင် အမျိုးသားများမှာကဲ့သို့ ပထမအကြိမ် လေဖြတ်သည်ကို မကာကွယ်နိုင်သော်လည်း ဒုတိယအကြိမ် လေဖြတ်ခြင်းကို ၂၅ ရာခိုင်နှုန်း ကာကွယ်နိုင်သည်။ နှလုံးခုန်နှုန်းမမှန်ခြင်း(Atrial fibrillation)ကြောင့် လေဖြတ်တတ်သည်ကို ကာကွယ်ရန် သွေးကျဲဆေးများပေးသည်တွင် အသက်ကြီးပိုင်း အမျိုးသမီးများက သက်တူအမျိုးသားများကဲ့သို့ ထိရောက်စွာကုသမှု မရရှိကြကြောင်း တွေ့ရသည်။ အီစထရိုဂျင် ဟော်မုန်းသည် လေဖြတ်ခြင်းကို မကာကွယ်နိုင်ပါ။

လေဖြတ်ခြင်း၏ အကျိုးဆက်များလည်း အမျိုးသားများနှင့် အမျိုးသမီးများတွင် မတူညီပါ။ အမျိုးသားများနှင့် အမျိုးသမီးများ တူညီသော ပမာဏအတိုင်း လေဖြတ်တတ်သော်လည်း အသက်ဆုံးရှုံးမှု၏ ၆၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများတွင် ဖြစ်ပွားသည်။ အမျိုးသားများတွင် ဦးနှောက်သွေးကြောကျဉ်း၍ ပိတ်ခြင်းသည် လေဖြတ်ခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သော်လည်း အမျိုးသမီးများတွင် နှလုံးနှင့်သွေးကြောကြီးများမှ ပြုတ်ထွက်လာသော သွေးခဲများက ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းသည် အဓိကဖြစ်နေသည်ကို တွေ့ရသည်။ လေဖြတ်ခြင်း အားလုံး၏ ၁၅ ရာခိုင်နှုန်းတွင် တွေ့ရသည့် ဦးနှောက်သွေးကြော ယိုခြင်းသည် အမျိုးသားများနှင့် အမျိုးသမီးများတွင် ကွာခြားမှုမရှိပါ။ ဦးနှောက် အမြှေးလွှာကြား သွေးယိုခြင်း (Subarachnoid haemorrhage) သည် သွေးမဆုံးသေးသော အမျိုးသမီးများ၌ အများဆုံးဖြစ်ပြီး အသက်ဆုံးရှုံးမှုနှုန်းသည်လည်း အမျိုးသားများထက်များသည်။ လေဖြတ်သော အမျိုးသမီးများသည် အသက်အရွယ်ကြီးတတ်ပြီး တွဲဖက်ရောဂါများလည်း များသဖြင့် နှလုံးညှစ်အားပါ နည်းနေတတ်သည်။ သွေးကျဲဆေးများသည် ထိရောက်မှုရှိသော်လည်း အမျိုးသမီးများတွင် သွေးယိုမှုပိုများသည်။ ဦးနှောက်သို့သွားသော သွေးကြောများကို ခွဲစိတ်ကုသရာတွင် နှလုံးသွေးကြော ခွဲစိတ်ကုသသကဲ့သို့ အမျိုးသမီးများတွင် သွေးကြောများ သေးငယ်သဖြင့် အန္တရာယ်ပိုများသည်။

နှလုံးအဆို့ရှင် ရောဂါ

သေးသွယ်သော ကိုယ်ခန္ဓာ၊ ပုံမှန်အနိမ့်စား ပျမ်းမျှသွေးပေါင်ချိန်၊ ရင်အုပ်ပြားသောသူများတွင် မွေးရာပါတတ်သော အဆို့ရှင် ကျွံသည့် (Mitral Valve Prolapse)အခြေအနေပါသော လူဦးရေ၏ ရာခိုင်နှုန်း ၇၀ မှာ အမျိုးသမီးများ ဖြစ်နေသည်။ အမျိုးသမီးများတွင် မကြာခဏ တွေ့ရတတ်သည့် ရင်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ စိတ်လှုပ်ရှားခြင်းတို့သည် ဤ(Mitral Valve Prolapse) ရှိသော အမျိုးသမီးများတွင် ပို၍ တွေ့တတ်သော်လည်း အမှန်တကယ် ရောဂါလက္ခဏာများဖြစ်သည့် နှလုံးအတွင်း ပိုးစွဲကပ်ခြင်းနှင့် အဆို့ရှင်မလုံခြင်းတို့ကို အမျိုးသားများတွင် ပို၍တွေ့ရသည်။

လေးဖက်နာနှလုံးရောဂါ

Mitral stenosis (ခေါ်) နှလုံးအဆို့ရှင်ကျဉ်း ရောဂါသည် အမျိုးသမီးများတွင် ပိုဖြစ်ပြီး ကိုယ်ဝန်ဆောင်ချိန်တွင် ကနဦးလက္ခဏာ ပေါ်လာတတ်သည်။ ဤရောဂါကြောင့် ချောင်းဆိုးသွေးပါခြင်းသည်လည်း အမျိုးသမီးများတွင် ပိုဖြစ်သည်။

မွေးရာပါ နှလုံးသွေးကြောရောဂါ

Bicuspid aortic valve (အဆို့ရှင် အရွက်တစ်ခု မွေးရာပါ မပါခြင်း)သည် အမျိုးသားများတွင် အမျိုးသမီးများထက် သုံးဆ ပိုဖြစ်သကဲ့သို့ အသက် ၆၅နှစ် ကျော်သူများတွင် အဆို့ရှင် ထုံးဓာတ်ကပ်၍ ကျဉ်းသည့် ရောဂါမှာလည်း အမျိုးသားများတွင် နှစ်ဆပိုဖြစ်သည်။ Marfan's syndrome သည် အမျိုးသား၊ အမျိုးသမီးများ၌ တူညီစွာ ဖြစ်ကြသော်လည်း အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်ချိန်၌ သွေးလွှတ်ကြောနံရံ ကွာတတ်၍ အသက်အန္တရာယ် ဖြစ်စေသည်။

နှလုံးညှစ်အားနည်းခြင်း (Heart Failure)

အမျိုးသမီးများသည် အမျိုးသားများထက် အသက်အရွယ်ပိုကြီးမှ နှလုံးညှစ်အားနည်းရောဂါ ဖြစ်တတ်ပြီး နှလုံးသွေးကြောပိတ်ခြင်းထက် သွေးတိုးရောဂါ၊ သွေးချို ဆီးချိုရောဂါနှင့် အဝလွန်ရောဂါတို့ အခြေခံသည်။ အရက်သောက်သုံးသူ အမျိုးသမီးဦးရေ နည်းသော်လည်း အရက်သည် အမျိုးသားများမှာထက် အမျိုးသမီးများတွင် နှလုံးကို အဆိပ်အတောက် ဖြစ်စေပြီး ရောဂါရတတ်သည်။ နှလုံးညှစ်အားနည်းရောဂါသည် အမျိုးသားများထက် အမျိုးသမီးများအား ပို၍သေဆုံးစေသည်။ လက်ရှိ အသုံးပြုနေသော ဆေးများသည် အမျိုးသားများတွင် ပို၍ ထိရောက်သည်ကို သုတေသန အချို့က ပြခဲ့သည်။ စာရင်းဇယားများအရ နှလုံးအစားထိုး ကုသခြင်းကို အမျိုးသားများ၌ ပို၍ ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

သေဆုံးခြင်းအပေါ် အမျိုးသမီးများ၏ ခံယူချက်

သေဆုံးခြင်းအပေါ် အမျိုးသမီးများ၏ ခံယူချက်ကပင်လျှင် အမျိုးသားနှင့်မတူဘဲ သူတို့၏ ကံကြမ္မာကို ဖန်တီးတတ်သည်။ အမျိုးသမီး အများစုသည် သက်သောင့်သက်သာ နေရသည်ကို ကျေနပ်တတ်ပြီး ကိရိယာများနှင့် ကုသခြင်းကို ကြောက်သည့်အတွက် ခက်ခဲသော ကုထုံးများကို လက်ခံရန် ဝန်လေးတတ်ကြသည်။ ရောဂါကြောင့် ခံစားရသည်ကို သက်သာစေမည့် သမားရိုးကျ ကုထုံးများကိုသာလျှင် ရွေးချယ်တတ်ကြသည်။

ဤအထက်ဖော်ပြပါ အကြောင်းအရာတို့ကြောင့် အမျိုးသားများနှင့် အမျိုးသမီးများတွင် နှလုံးသွေးကြောရောဂါ ကာကွယ်ထိန်းသိမ်းရာတွင် ကွဲပြားခြားနားမှုများကို ထည့်သွင်းစဉ်းစား၍ အထိရောက်ဆုံး နည်းနိဿယများကို ရွေးချယ်သင့်ပါကြောင်းနှင့် အမျိုးသမီးများကလည်း မိမိကိုယ်ကို ပို၍ဂရုစိုက်သင့်ကြောင်း တင်ပြလိုက်ပါသည်။ ။

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ပွဲ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက် မိန့်ခွန်းပြောကြား

ရန်ကုန် မေ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာနရုံးချုပ် သီတာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး စီမံထူးချွန် ဒုတိယဆင့်ရရှိသူတစ်ဦး၊ တတိယဆင့် ရရှိသူလေးဦးနှင့် ရဲသူရဘွဲ့တံဆိပ် ရရှိသူတစ်ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

အလှူငွေများပေးအပ်

ထို့နောက် မီးသတ်တပ်ဖွဲ့နေ့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ အမျိုးသားညီလာခံကိုယ်စားလှယ် May & Mark Gems ဥက္ကဋ္ဌ ဒေါ်ခေါင်နန်းက ငွေကျပ် ၁၀သိန်း၊ ဦးကြည်စိုးဦး (ကားပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)နှင့် သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်းနှင့် ဇနီးသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်းတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးယဉ်ထွေးသက် (Reliance Fire System Co.,Ltd.)က ငွေကျပ်လေးသိန်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် သုံးသိန်းသုံးထောင်၊ ဒေါ်ဥမ္မာသန်း (Big Bear Co., Ltd.)၊ ဒေါက်တာစန်းစန်းရီ (Europ Containents Myanmar Co., Ltd.)၊ အမျိုးသားညီလာခံကိုယ်စားလှယ်ဦးစန်းမောင်နှင့် ဦးစိန်မြတို့က ငွေကျပ် သုံးသိန်းစီ၊ ကချင်ပြည်နယ် ဆိပ်မူမြို့နယ် နေလပွင့်ကုမ္ပဏီနှင့် ကချင်ပြည်နယ် ဆိပ်မူမြို့နယ် စိန်လွင်ကုမ္ပဏီတို့က ငွေကျပ် နှစ်သိန်းစီ၊ ကချင်ပြည်နယ် ဆိပ်မူမြို့နယ် အရန်မီးသတ်တပ်ခွဲမှူး ဦးအေးသိန်းနှင့်ဇနီး၊ ဦးလင်းထိန်ဦး(Silver Land Co., Ltd.)၊ ဦးကျော်မင်းဦး (မြန်မာသီဟကုမ္ပဏီလီမိတက်)နှင့် ဒုတိယဗိုလ်မှူးကြီးတင်မြ(ငြိမ်း) (စိမ်းလဲ့ကန်သာ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်မှု ကုမ္ပဏီလီမိတက်)တို့က ငွေကျပ်တစ်သိန်းစီ တို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်တပ်ဖွဲ့အတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများ လှူဒါန်းသော သိပ္ပံပစ္စည်းအလုပ်ရုံမှ စက်ရုံမှူး ဦးခင်မောင်ညွန့်၊ မီးသတ်လုပ်ငန်းဆိုင်ရာ ဗွီစီဒီအခွေများ လှူဒါန်းသော East West Marine Co.,Ltd. မှ ဦးကျော်နိုင်ဦး၊ မီးလျှံကြားက သူရဲကောင်း ဝတ္ထုတိုဖြင့် ပထမဆု ရရှိခဲ့သော ယဉ်ကျေးမှု တက္ကသိုလ်မှ ဒေါ်ရီရီသင်း၊ မီးသတ်ဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များကို MRTV-4 အစီအစဉ်တွင် ရိုက်ကူးထုတ်လွှင့်ပြသပေးခဲ့သည့် Forever Group Co.,Ltd. မှဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

မှတ်တမ်းလွှာပေး

ထို့နောက် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်က မီးသတ်တပ်ဖွဲ့နေ့အတွက် ရန်ကုန်တိုင်းအတွင်းရှိ မီးသတ်စခန်းများက စုပေါင်းလှူဒါန်းသည့် ငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီးဂုဏ်ပြု မှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဆယ်ထပ်မဟာသင်္ဃသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးဝင်း အတွင်းရှိ အသစ်ဆောက်လုပ်မည့် ဝိသာခါ နှစ်ထပ်ကျောင်းဆောင်အတွက် ဗဟန်းမြို့နယ် အမှတ် ၃၅/ဘီ ဥယျာဉ်လမ်း တက္ကသိုလ်ရိပ်သာလမ်း သစ်နေ ဦးထွန်းနိုင် (ကိုးကန့်) ဒေါ်သင်းသင်းလွင် မိသားစု၊ မန်နေဂျင်းဒါရိုက်တာ၊ ပစိဖိတ်အဆင့်မြင့်နည်းပညာ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀ လှူဒါန်းရာ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ မထေရ်မြတ်က အနုမောဒနာ ရေစက်ချ တရားချီးမြှင့်ပြီး ဂေါပကအလုပ်အမှုဆောင် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က လက်ခံယူစဉ်။

(က-ပ)

ဆက်လက်၍ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်းထံ (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် မြဝတီစစ်ကြောင်း၌ ပါဝင်ချီတက်ခဲ့သော မီးသတ်တပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲမှရရှိသော ဒိုင်းဆုကို တပ်ခွဲမှူးက အပ်နှံသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လူမှုထူးချွန်တံဆိပ်နှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသူများနှင့်မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု သတင်းဆောင်းပါးရေးသားကြသူများအား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က ဌာနတွင်းနှင့် ပြင်ပသင်တန်းများတွင် ဆုရရှိသူများနှင့် ဗဟိုအဆင့် မီးသတ်ကျင့်ဝတ် ပြိုင်ပွဲတွင် အရာရှိအဆင့်၊ အကြပ်အဆင့်နှင့် တပ်သားအဆင့်တို့၌ ဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ညွှန်ကြားရေးမှူး (ဌာနချုပ်)ဦးဇော်မင်းက အကြိုအခြေခံ မီးသတ်သင်တန်း အများဆုံးဖွင့်လှစ်ပို့ချနိုင်ခဲ့သော ပြည်နယ်နှင့်တိုင်းမီးသတ်ဦးစီးဌာနများအား လည်းကောင်း၊ ညွှန်ကြားရေးမှူး(အောက်မြန်မာပြည်) ဦးဇော်ဝင်းက ရန်ကုန်တိုင်းအတွင်းရှိ (က)အဆင့် မီးသတ်စခန်း၊ (ခ)အဆင့် မီးသတ်စခန်းများမှ စခန်းသန့်ရှင်းသာယာရေး ဆုရရှိသည့် မြို့နယ်မီးသတ်စခန်းများအားလည်းကောင်း၊ ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး (အထက်မြန်မာပြည်)ဦးမင်းဆွေက အရန်မီးသတ်တပ်ဖွဲ့တွင်(၂၅)နှစ်ကျော် စေတနာ၊ ဝါသနာ၊ အနစ်နာခံလျက် ကိုယ်ကျိုးစွန့်ဆောင်ရွက်နေသော အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်က အမျိုးသားမီးသတ်စက်ကြီးပြိုင်ပွဲ၊ အမျိုးသမီးမီးသတ်စက်ကြီးပြိုင်ပွဲ၊ ယူနီဖောင်းဝတ်ပြိုင်ပွဲတို့တွင် ဆုရရှိသော တပ်ဖွဲ့ဝင်များနှင့် စစ်ရေးပြ လေ့ကျင့်မှုဆုတွင် ဆုရရှိသော မြို့နယ်မီးသတ်စခန်းများအားလည်းကောင်း၊ ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် မီးသတ်တပ်ဖွဲ့ဌာနချုပ် စစ်ရေးပြကွင်း၌ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အသက်ကယ်နှင့် မီးငြိမ်းသတ်မှုများ သရုပ်ပြသကြရာ မီးသတ်တပ်ဖွဲ့ဝင်များက ဖောက်ထိုးဆင်းနည်းဖြင့် **"ရဲဝံ့စွန့်စား မီးသတ်သမား"** ဆောင်ပုဒ်ကားလိပ်ဖြေချ၍ ကြိုးတက်၊ ကြိုးကူး၊ ကြိုးဆင်းနည်းစနစ်များ သရုပ်ပြသခြင်း၊ လေမွှေ့ရာပေါ်ခုန်ဆင်းခြင်း၊ ဂက်စ်အိုးမီးလောင်မှု ငြိမ်းသတ်ခြင်း၊ မီးသတ်တပ်ဖွဲ့သုံး သေနတ် (Line Shotter) ပစ်ခတ် သရုပ်ပြသခြင်း၊ အဆောက်အအုံအတွင်း ဝင်ရောက်ရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်ပစ္စည်းအသုံးပြု၍ ကွန်တိန်နာ ပိနေသူနှစ်ဦးအား ကယ်တင်ခြင်း၊ အန္တရာယ်ရှိ ဓာတုပစ္စည်းများ မတော်တဆ ဖြစ်မှုအား Hazmat Suit ဖြင့် ရှင်းလင်းခြင်းနှင့် မြန်မာ့ရိုးရာ ရေးခေတ် လှေကားအသုံးပြု၍ မီးငြိမ်းသတ်ခြင်းတို့အား စုပေါင်း၍ သရုပ်ပြသကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၇ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ဒါနကိုကိုင် ကောင်းကျိုးလိုင်တရားတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)
၇:၅၅	ရေလယ်ပေါ်ထွန်းကျိုက်မော်ဝန်းတင့်ရှုန်းသပ္ပာယ် ကြည်ညိုဖွယ်
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	မင်းကွန်းရိုးရာ လက်မှုပညာ
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	နည်းပညာစွမ်းဖြင့် အနာဂတ်ဆီသို့ တက်လှမ်းခြင်း
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	ပွင့်ထွန်းတောဇာ ဘုန်းသမ္ဘာ ဝိဇာတမင်္ဂလာ
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	Yangon Panorama (Colourful Ladies)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	အမျိုးသမီးဆရာဝန်များအဖွဲ့၏ ကွင်းဆင်းကုသခြင်း(ထန်းတပင်မြို့နယ်)
၁၁:၀၀	မိုးလေဝသ ခန့်မှန်းချက်
၁၁:၀၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (အိမ်ထောင်သည်တို့၏ ကျန်းမာရေးပြဿနာများ)(ဒေါက်တာနိုက်တင်ဇေးလ်နှင့် ဆွေးနွေးခန်း) (ဧည့်သည်တော် အကယ်ဒမီ ခင်ဇာခြည်ကျော်)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ (မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်) (ဒါရိုက်တာ မောင်မောင်ဦး(စန်းဝိုက်)
၁၁:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၀	မြန်မာစာ မြန်မာစကား
၁၂:၁၅	"ဒါ" ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီကျော်၊ ဆုပန်ထွာ)
၁၂:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	ပြည်နယ်အလှ ကျောက်ပြားသာခေ
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Charlton- Tottenham	5-Sports (Live)

ရေဦးမြို့နယ် ချမ်းသာကျေးရွာ စာဖတ်ပွဲကျင်းပ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် မွန်းတည့် ၁၂ နာရီက ချမ်းသာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက မတ် ၃၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသောမြဖူး(ပြန်/ဆက်)၏ စာဖတ်ခြင်းအလေ့အထ တိုးပွား မြှင့်တင်ကြပါစို့ ဆောင်းပါးကိုလည်းကောင်း၊ မြို့နယ်စာရင်းရုံးမှ စာရင်းစစ်မှူးဦးဝင်းတင့်က ဧပြီ ၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသော ဆင်ဖြူကျွန်းမြင့်သိန်း (မြန်စာဂုဏ်)၏ ဗလငါးတန်းဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ ဆောင်းပါးကိုလည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးခင်ထွန်းက စာဖတ်ပွဲနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည် ရွှေစေတီဘိုးဘွားရိပ်သာ၌ သက်ကြီးပူဇော်

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ၇ ရက်က ကျင်းပရာ ကျောက်ဆည်မြို့ ရွှေစေတီဘိုးဘွားရိပ်သာတွင် ကျောက်ဆည်မြို့နေ ဦးဝင်းမောင်-ဒေါ်မြရင် (မြဘုရင်နို့ချက်စက်ရုံ) မိသားစုတို့က ရွှေစေတီဘိုးဘွားရိပ်သာသို့ ရက် ၁၀၀ အလှူငွေကျပ် ၁၅ သိန်းပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က လက်ခံရယူသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက အဘိုး၊ အဘွားများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ကန်တော့ကြသည်။

(ခရိုင် ပြန်/ဆက်)

သကြံန်ယိမ်းအကပြိုင်ပွဲ ဆုချီးမြှင့်

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဧပြီ၁၆ရက်က သင်္ကြန်ယိမ်းအကပြိုင်ပွဲ၊ ဆုပေးပွဲကို ကျင်းပရာ ထန်းပင်ကုန်းကျေးရွာ ယိမ်းအဖွဲ့ကပထမဆု၊ အမှတ် (၂)ရပ်ကွက်ယိမ်းအဖွဲ့က ဒုတိယဆုများရရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်မင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ယိမ်းအကပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ယိမ်းအဖွဲ့ ရှစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (၂၇၃)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ရေစကြိုမြို့ နှစ်သစ်ကုသိုလ်ဒါနပြု

မကွေးတိုင်း ရေစကြိုမြို့တွင် နှစ်သစ်သင်္ကြန်ကာလအတွင်း ကျောင်းကန်၊ ဘုရားများတွင် ဥပုသ်သီလဆောက်တည်ကြခြင်း၊ တရားရိပ်သာများတွင် တရားအားထုတ်ခြင်း၊ မြို့ပေါ်နေရာအနှံ့တွင် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ ကျွေးမွေးလှူဒါန်းကြခြင်း၊ ဘုရားပေါင်းစုံရုပ်ပွားဆင်းတုတော်များ ရေသပ္ပာယ်ခြင်း၊ သက်ကြီးရွယ်အိုအဘိုး၊ အဘွားများ ပြုစုစောင့်ရှောက်ခြင်း စသည့်နှစ်သစ်မင်္ဂလာတွင် ကုသိုလ်ဒါနများပြုလုပ်ကြသည်။ (၂၅၁)

နွေရာသီ ကျပန်းစကားပြောသင်တန်းဖွင့်

ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နွေရာသီ ကျပန်းစကားပြော သင်တန်းဖွင့်ပွဲကို ဧပြီ ၆ရက်က အထက(၁)တွင် ကျင်းပရာ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာတစ်လဖြစ်ကြောင်း သိရသည်။ (၂၉၇)

မူလတန်းသင် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်း ပင်လောင်း၌ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းများမှ မူလတန်းသင်ဆရာ၊ဆရာမများ၏ သင်ကြားရေးမွမ်းမံသင်တန်း ဖွင့်ပွဲကို ဧပြီ ၂၃ရက် နံနက် ၈နာရီက အခြေခံပညာအလယ်တန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒေါ်မင်းမင်းထွန်းနှင့် မြို့နယ်ပညာရေးမှူးဒေါ်တင်မြင့်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် လက်ထောက်ပညာရေးမှူး ဦးမောင်သောင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိဖြစ်ပြီး သင်တန်းသို့ ဆရာ၊ ဆရာမ ၂၄၂ဦး တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သထုံမြို့နယ် ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး စစ်ဆေး

နေပြည်တော် မေ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း၊ ဆည်မြောင်းဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၃၀ ရက် မွန်းလွဲ ၁နာရီက မွန်ပြည်နယ် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက ဒုံသမိမြစ်ရေ အရင်းအမြစ်ကိုရယူ၍ တည်ဆောက်နေသော ဒုံသမိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က လုပ်ငန်းတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းလှိုင်က စီမံကိန်းအကျိုးပြု ဧက ၃၃၀၀၀နှင့် အကျိုးပြု ဧရိယာတွင် ပါရှိသည့် ကျေးရွာများ၊ ဒုံသမိမြစ်မှ ဈေးမသွယ်ချောင်းအတိုင်း ရေယူ၍ ပင်မရေတင်စခန်းတစ်ခုနှင့် ထပ်ဆင့် ရေတင်အဆင့် လေးဆင့်ဖြင့် ရေပေးမည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မမြစ်ရေတင်စခန်းနေရာ၊ ရေငြိမ်ကန်နေရာနှင့် ဈေးမသွယ် ချောင်းဆုံနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ... (caption below)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး သထုံမြို့နယ် ဒုံသမိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ ဘောက်ထော် အဝေရာလမ်းနေ ဦးအောင်ကြီး–ဒေါ်ကျော့စိန်ဝင်း(ရဲထွန်းအောင် အထည်ဆိုင်၊ မ/၁၅၇ မင်္ဂလာဈေး) မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အမှုဆောင် ဦးခင်မောင်သန်းက လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းချီးမြှင့်တော်မူစဉ်။ (က–ပ)

မူးယစ်ကင်းစင် အလှဆင်

ဆုထူးပန် အဘိဓမ္မာ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၆

ဆုထူးပန် အဘိဓမ္မာသင်တန်းကို မေ၁၂ရက် (စနေနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဗြဟ္မဝိဟာရ ဓမ္မာရုံ၌ နံနက် ၈နာရီမှ ၁၂နာရီအထိလည်းကောင်း၊ တာမွေမြို့နယ် မဟာသန္တိသုခ ကျောင်းတော်ကြီးတွင် ညနေ၄နာရီမှ ည၈နာရီအထိ လည်းကောင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်က ဦးဆောင်သင်ကြားပို့ချသွားမည် ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော ပုဂ္ဂိုလ်များသည် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကမ္ဘာလှည့် အပျော်စီးခရီးသည်တင် သင်္ဘောရောက်ရှိ

ရန်ကုန် မေ ၆

M.S Crystal Cruises INC., Los Angeles ပိုင် M.S Crystal Symphony ကမ္ဘာလှည့် အပျော်စီးခရီးသည်တင် သင်္ဘောသည် ထိုင်းနိုင်ငံ Phuket ဆိပ်ကမ်းမှ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါတံတား (M.I.T.T) သို့ ယမန်နေ့ ညနေပိုင်းက ဆိုက်ကပ်ခဲ့ရာ **(အောက်ပုံ)** အဆိုပါ သင်္ဘောဖြင့် ခရီးသည်စုစုပေါင်း ၇၉၄ဦး လိုက်ပါလာပြီး သင်္ဘောမှာ တန်ချိန် ၅၁၀၄၄ တန်၊ သင်္ဘောအရှည်မှာ (LOA) ၂၃၈မီတာ၊ သင်္ဘောရေစူးမှာ ၇ ဒသမ ၆မီတာရှိကြောင်းနှင့် သင်္ဘောသည် မေ ၇ရက် မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါတံတား (M.I.T.T)မှ အိန္ဒိယနိုင်ငံ Cochin ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။

လာရောက်ကြိုဆို

သင်္ဘောဆိုက်ကပ်ရာသို့ ပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်ပေးပြီး မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူများက လာရောက် ကြိုဆိုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်ထုတ်လုပ်မှုရည်မှန်းချက်အောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် စက်စွမ်းအား၊ လူ့စွမ်းအားနှင့် အတတ်ပညာစွမ်းအားဖြင့် ကုန်ထုတ်လုပ်မှုစွမ်းအားမြှင့်တင်

နေပြည်တော် မေ ၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၃ ရက် ညနေ ၃ နာရီခွဲက မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဗာဂျီနီးယား ဆေးလုပ်ငန်းစက်ရုံသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဆေးပေါင်းဌာနရှိ ဆေးပြန်လည် အခြောက်ပြုလုပ်ခြင်းလုပ်ငန်း၊ အအေးခန်းသိုလှောင်ရုံရှိ နှစ်ချို့ဆေးရွက်ကြီးများ သိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆေးဆိုးပန်းရိုက်စက်ရုံ

ထိုမှတစ်ဆင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ဆေးဆိုးပန်းရိုက်စက်ရုံ (ပခုက္ကူ)သို့ ရောက်ရှိပြီး စက်ရုံတွင်းရှိလာပန်းရိုက်စက်နှင့် အနံဆန့်စက်တို့၏ စက်ကြွခိုင်မှုများနှင့် စက်ရုံထုတ် ပန်းရိုက်အထည်များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ (ပခုက္ကူ)သို့ ရောက်ရှိပြီး ကုန်ကြမ်းဝါများ၊ ဝါကောက်စက်၊ အပင်ပေါင်းစက်၊ တည်င်းလုံးစက်၊ ချည်ငင်စက်၊ တိုင်ချည်ရှည်စက်၊ လွန်းပြောင်းရက်ကန်းစက်တို့၏ ကုန်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်ရေးအတွက် ဝန်ထမ်းများက မိမိတို့ ကျရာတာဝန်ကို အထက်နှင့်အောက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်၊ စက်စွမ်းအား၊ လူ့စွမ်းအား၊ အတတ်ပညာစွမ်းအားများဖြင့် ကုန်ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ဆောင်ရွက်ကြရန် မှာကြားသည်။

တစ်ဆင့်မြှင့်ရာထူးတိုးမြှင့်ပေး

ဆက်လက်၍ ချည်မျှင်ဌာနနှင့် ရက်ကန်းဌာနမှ ကုန်ထုတ်လုပ်မှုတွင် သတ်မှတ် ထုတ်လုပ်မှုထက် ပိုမိုထုတ်လုပ်နိုင်သော ထူးချွန်ဝန်ထမ်း ၁၅ဦးအား ဂုဏ်ပြုဆုငွေနှင့် တစ်ဆင့်မြှင့် ရာထူးတိုးမြှင့်ပေးသည်။

ဝန်ကြီးသည် မေ၄ရက်တွင် မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်ချုပ်စက်ရုံ(ပခုက္ကူ)သို့ရောက်ရှိပြီး စက်ရုံတွင်း ကုန်ထုတ်လိုင်းတစ်လျှောက် ရှပ်အင်္ကျီချုပ်လုပ်ခြင်း၊ သက်န်းချုပ်လုပ်ခြင်း၊ ခြင်ထောင်ချုပ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ စက်ရုံထုတ် ကုန်ချော အထည်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဝင်းသူဇာအရောင်းဆိုင်(ရေစကြို)

ထို့နောက် ဝန်ကြီးသည် ဝင်းသူဇာ အရောင်းဆိုင် (ရေစကြို)သို့ ရောက်ရှိ၍ စက်မှုလုပ်ငန်းအသီးသီးမှ ထုတ်လုပ်ရောင်းချလျက်ရှိသော ကုန်ပစ္စည်းအမျိုးမျိုးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ပစ္စည်းပြတ်လပ်မှု မရှိစေရန်နှင့် ကျေးရွာများအရောက် ဈေးကားများဖြင့် သွားရောက်ရောင်းချရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် မကွေးတိုင်း ဆားလင်းကြီးမြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ (ဆားလင်းကြီး)သို့ ရောက်ရှိ၍ ဝါဖန်ခြင်းလုပ်ငန်း၊ အကြိုအပင်ပေါင်း စက်နှင့် ဗိုင်းတောင့်စက်များ၏ ကုန်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် ရက်ကန်းဌာန၏ တိုင်ချည်ရှည်စက်၊ ရက်ဖောက်စက်၊ လွန်းပြောင်းရက်ကန်းစက်တို့၏ ကုန်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ စက်ရုံမှူးဦးမင်းစိန်က ကုန်ထုတ်လုပ်မှုနှင့် ၂၀၀၇–၂၀၀၈ခု ဘဏ္ဍာရေးနှစ် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ဝန်ထမ်းအင်အား စက်ရုံပိုင်မြေများတွင် ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုနှင့် စက်စွမ်းအား လည်ပတ်နိုင်မှုများကို တင်ပြပြီး မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ခန့်ထားခဲ့

ဆက်လက်၍ ဝန်ကြီးက ကုန်ထုတ်လုပ်မှုတွင် သတ်မှတ်ထုတ်လုပ်မှုထက် ပိုမိုထုတ်လုပ်နိုင်သော ထူးချွန်ဝန်ထမ်း ၁၆ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် တစ်ဆင့်မြှင့် ရာထူးတိုးမြှင့်ခန့်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

စီမံချက်ဖြင့် စိုက်ပျိုးသွားရေးဖြစ်ကြောင်း၊ အဓိကသီးနှံ ၁၀ မျိုးတွင် ပါဝင်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ နှစ်ရှည်ပင်၊ သစ်ဆိမ့်၊ အမယ်သစ်သီးနှံ ငရုတ်ကောင်းတို့ကို တိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ အထူးသီးနှံဖြစ်သည့် ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်သော ကြက်ဆူကို ဧရာဝတီတိုင်းတစ်တိုင်းလုံးတွင် ဧက ၅ သိန်း အပြည့်စိုက်ပျိုးရန်အတွက် ခရိုင်၊မြို့နယ်အလိုက် သတ်မှတ်ထားသော စိုက်ဧက ပြည့်မီအောင်စိုက်ပျိုးပြီး အပင်များရှင်သန်အောင်မြင်အောင်နှင့် အပင်ပျက်စီးမှုများကို အစားထိုးစိုက်ပျိုးရန်လိုကြောင်း။

ဖွံ့ဖြိုးမှုရလဒ်ကောင်းများ

တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံများ ဖြစ်ကြောင်း၊ ယင်းအခြေခံ(၃)ရပ် ပြည့်စုံနိုင်ရန် နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကိုချမှတ်၍ အရှိန်အဟုန်ဖြင့် အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးမှုရလဒ်ကောင်းများမြင် တွေ့နေရပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာ ဝန်ထမ်းများသည် မိမိမူလတာဝန် ဝတ္တရားများအပြင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အလိုက် ဖွဲ့စည်းထားသော ကော်မတီလုပ်ငန်းများကို တာဝန်သိသိ စေတနာရှိရှိဖြင့် ဒေသခံများနှင့်လက်တွဲ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စများကို အောက်ခြေအထိဆင်းပြီး အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မအူပင်မြို့ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းရိပ်သာ၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်ငွေတိုးရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး၊ မိသားစုဝင်များ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ရေးတို့ကို မှာကြားကာ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မအူပင်မြို့နယ် ပန်းတပွတ်ကျေးရွာရှိ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၏ မအူပင်စက္ကူစက်သို့ ရောက်ရှိကြရာ စက္ကူစက်ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးကိုလေးက စက္ကူစက်၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ကုန်ကြမ်းနှင့် သွင်းအားစုလိုအပ်ချက်၊ နှစ်စဉ်ထုတ်လုပ်မှုအခြေအနေနှင့် ဂုန်လျှော်ပင်ခြောက်မှ စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်း မန်နေဂျာ ဦးရဲဝင်းနှင့် အထွေထွေမန်နေဂျာ ဦးရဲခေါင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး ထုတ်လုပ်မှုတိုးတက်ရေးနှင့် စက်ရုံအဝင်လမ်း ပိုမိုကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စက္ကူစက်ဖြင့် ဂုန်လျှော်ပင် ကုန်ကြမ်းပျော့ဖတ်မှ 55 Gsm အထူအပါးရှိ ၂၇x၃၂ လက်မ အရွယ် ပုံနှိပ်စက္ကူချောထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ စက္ကူအရွယ်အစားအမျိုးမျိုး ဖြတ်တောက်ခြင်း၊ ထုပ်ပိုးခြင်းဆောင်ရွက်နေမှု အခြေအနေများနှင့် မအူပင်စက္ကူစက်မှ ထုတ်လုပ်သော A4 (55 Gsm)၊ A4 (70 Gsm)၊ ပုံနှိပ်စက်သုံး Offset Paper(70 Gsm) နှင့် Myanmar Jute Based Multi-Purpose Paper၊ မိတ္တူကူးစက်သုံး စက္ကူထုပ်နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ မအူပင်စက္ကူစက်မှ တစ်နှစ်လျှင် စက္ကူမက်ထရစ်တန် ၃၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အကျိုးပြုနေ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် ကျိုက်လတ်မြစ်ဘေး ကျုံစုတ်ကျေးရွာအနီးရှိ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ လုပ်ငန်းတာဝန်ခံဦးစီးအရာရှိ ဦးရဲဝင်းကိုက ကျုံစုတ်လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး စီမံကိန်းတာဝန်ခံ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဧရာဝတီတိုင်း ဦးစီးမှူးဦးမိုးဦးက ကျုံစုတ်လျှပ်စစ် မြစ်ရေတင်စီမံကိန်း၏ စက်ဖြင့်လုပ်ဆောင်ရမည့် မြေသားလုပ်ငန်း ၆၀ရာခိုင်နှုန်း၊ လူအင်အားဖြင့် လုပ်ဆောင်ရမည့် မြေသားလုပ်ငန်း၁၃ ရာခိုင်နှုန်း ပြီးစီးနေမှု၊ ရေပေးအဆောက် အအုံတည်ဆောက်မှု ၁ ဒသမ ၃ ရာခိုင် နှုန်းပြီးစီးနေမှု၊ ပင်မမြောင်းနှင့် လက်တံမြောင်း(၁)ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများ မြစ်ရေတင် စီမံကိန်းအနေဖြင့် ဧက ၉၀၀၀ အကျိုးပြု ရန်ရှိသည့်အနက် ယခုအခါ ဧက ၂၀၀အား စတင်ရေပေးဝေအကျိုးပြုနေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့နယ် လှည်းဆိပ်အိုင်ကျေးရွာ၌ ကျင်းပသည့် ကျိုက်လတ်မြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်သို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြို့နယ်ဌာနဆိုင်ရာများဖြစ်ကြသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ကိုယ်စားလှယ်များအားလည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသည့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်များအားလည်းကောင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့သည် ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို သတ်မှတ်ထားသော ပျိုးအိတ်များအတွင်း၌ ပျိုးထောင်ပေးကြပြီး အခမ်းအနားတွင် ပါဝင်ပျိုးထောင်နေကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့ လမ်းမတော်လမ်းထိပ်၌ ကျင်းပသော လမ်းမတော်လမ်းနှင့်ဦးစန္ဒာလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်က လမ်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင်နှင့် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်တို့က ဖဲကြိုးဖြတ်၍ လမ်းမတော်လမ်းနှင့် ဦးစန္ဒာလမ်းကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်

အဆိုပါ လမ်းမတော်လမ်းနှင့် ဦးစန္ဒာလမ်း ကတ္တရာလမ်းသစ်သည် မအူပင်မြို့၊ ကျိုက်လတ်မြို့နှင့် ဖျာပုံမြို့တို့ကို ဆက်သွယ်ထားသော မြို့နယ်ချင်းဆက် အဝေးပြေးလမ်းဖြစ်ပြီး အရှည်နှစ်မိုင်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖျာပုံမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ချောင်းတွင်းလမ်းမကြီး ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင့်က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ချက်များနှင့် ချောင်းတွင်းလမ်းမကြီး ကတ္တရာလမ်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးကြိုင်တို့က ဖဲကြိုးဖြတ်၍ ချောင်းတွင်းလမ်းမကြီး ကတ္တရာလမ်းကို ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ချောင်းတွင်းလမ်းမကြီးကတ္တရာလမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပသော ဖျာပုံခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများဖြစ်ကြသည့် ဖျာပုံမြို့နယ်မှ ဦးမျိုးမြင့်ဇော်၊ ကျိုက်လတ်မြို့နယ်မှ ဦးကျော်ထင်နှင့် ဒေးဒရဲမြို့နယ်မှ ဦးမျိုးအောင်တို့က သက်ဆိုင်ရာ မြို့နယ်အလိုက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ စီးပွားရေး၊ ပညာပေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

အစီအစဉ်

ယင်းနောက် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်က ဖျာပုံခရိုင်၏ ဒေသဆိုင်ရာအချက်အလက်များ၊ မိုးစပါး ၈၃၂၂၈၄ ဧက၊ နွေစပါး ၃၅၅၄၆၃ဧက စိုက်ပျိုးနိုင်မှု၊ ၂၀၀၆-၂၀၀၇ ခုနှစ် ဆန်ဖူလုံမှု၄၀၈ဒသမ ၇၇ရှိမှု အခြေအနေ၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုတွင် ၂၀၀၆ ခုနှစ် လျာထားဧက ၆၀၀ အပေါ် ၆၈၂ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ၂၀၀၇ ခုနှစ်အတွက် လျာထားဧက ၁၂၀၀၀ အတွက် မျိုးစေ့နှင့် ပျိုးကိုင်း ၁၂၃၇၅ ဧကစာ စုဆောင်းထားရှိနိုင်မှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လှေ၊ သမ္ဗန်နှင့်သင်္ဘောများ သတ်မှတ်ခွင့်ပြုချိန်မှ ထွက်ခွာ လူပို၊ ကုန်ပိုတင်ဆောင်မှုမပြုရေး ကြပ်မတ်စစ်ဆေး

ရန်ကုန် မေ ၆

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၄ရက် ညနေ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ထိရောက်စွာအရေးယူ

ရှေးဦးစွာတိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက ယခုအခါ မိုးရာသီကျရောက်လာပြီဖြစ်၍ ရန်ကုန်မြို့တော်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ကြရန်၊ လျှပ်စစ်ဓာတ်ကြိုး၊ တယ်လီဖုန်းကြိုးများနှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများအား သက်ဆိုင်ရာသို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး လိုအပ်သလို ခုတ်ထွင်ရှင်းလင်းရန်၊ ရန်ကုန်မြို့တော်အတွင်း မြို့နယ်များ၌ ၂၄နာရီထက် ကျော်လွန်၍ လျှပ်စစ်ဓာတ်အား ပြတ်တောက်ပါက သက်ဆိုင်ရာ စစ်ဒေသ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ အကြောင်းကြားရန်၊ မြို့တော်အတွင်းရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတိပေးဆေးရေးအမှတ်အသားများနှင့်လမ်းညွှန်အမှတ်အသားများ ဆေးသားပျက်ပြယ်ခြင်းနှင့် ပျက်စီးခြင်းများရှိပါက ပြန်လည်ရေးဆွဲပြုပြင်ကြရန်၊ ရန်ကုန်တိုင်းအတွင်း လိုင်စင်မဲ့မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိပါက ရောင်းသူကိုပါ ဖော်ထုတ်အရေးယူရန်၊ မိုးရွာချိန်၊ လေပြင်းတိုက်ခတ်ချိန်များတွင် ရေယာဉ်များတိမ်းမှောက်မှု မဖြစ်စေရေးအတွက် လှေသမ္ဗန်နှင့် သင်္ဘောများကို သတ်မှတ်ခွင့်ပြုချိန်မှသာ ထွက်ခွာပြေးဆွဲကြစေရန်၊ အသက်ကယ်ပစ္စည်းများ ပါရှိရေးနှင့် လူပို၊ ကုန်ပိုတင်ဆောင်မှု မပြုစေရေး ကြပ်မတ်စစ်ဆေးကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသည့် တာဝန်မဲ့ ယာဉ်မောင်းများအားဖော်ထုတ်၍ ထိရောက်စွာ အရေးယူကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ တိုင်းပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီ၊ ကုန်တင်မော်တော်ယာဉ် ရေယာဉ်၊ အခြားယာဉ်လိုင်းများနှင့် အထွေထွေ လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

အမှာစကား

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ရေးဦးစွာ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်မောင်က ဇီးဖြူကျွန်း–သဇင်ရေကျော် ကျောက်ချောလမ်းနှင့် ပတ်သက်၍ အချက်အလက်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ချောလမ်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်တင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်မောင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် ဇီးဖြူကျွန်း–သဇင်ရေကျော် ကျောက်ချောလမ်းသစ်အား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

လွယ်လင့်တကူ

ဇီးဖြူကျွန်း – သဇင်ရေကျော် ကျောက်ချောလမ်းသစ်သည် အရှည် နှစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၀ ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၈၈ ဒသမ ၂သိန်းဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။ အဆိုပါ ကျောက်ချောလမ်းပြီးစီးသဖြင့် သဇင်ရေကျော်ကျေးရွာအုပ်စုရှိ ကျေးရွာပြည်သူများအတွက် ရန်ကုန်–ပုသိမ် လမ်းမကြီးသို့ ရာသီမရွေး လွယ်လင့်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ဗိုလ်မင်းရောင် လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရေးဦးစွာ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်က ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကတ္တရာလမ်းသစ်အား ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မင်းရောင်လမ်းကတ္တရာလမ်းသစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်မင်းရောင်လမ်း ကတ္တရာလမ်းသစ်သည် အရှည် ပေ ၃၂၀၀၊ အကျယ် ၁၂ ပေရှိကာ နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၂၈ သိန်းဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။ အဆိုပါ ကတ္တရာလမ်းသစ် ပြီးစီးသဖြင့် မြို့နယ်ပြည်သူများ သွားလာရေး လွယ်ကူ အဆင်ပြေချောမွေ့ပြီဖြစ်သည်။

တက်ရောက်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ပန်းတနော်မြို့ အင်ကြင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ရေးဦးစွာ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်က ကတ္တရာလမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကတ္တရာလမ်းသစ်ကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအင်ကြင်းလမ်း ကတ္တရာလမ်းသစ်သည် အရှည် ၁၁၆၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၅၁ ဒသမ ၆၅ သိန်း အကုန်အကျခံကာ ဆောက်ရွက်ခဲ့သော လမ်းဖြစ်သည်။

အဆိုပါ ကတ္တရာလမ်းသစ် ပြီးစီးသွားသဖြင့် ပန်းတနော်မြို့နယ်ရှိ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ထို့နောက်စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကတိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းတို့သည် အင်တိုင်းကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ ဗဟို အတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက အင်တိုင်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ဇီဝဓာတ်ငွေ့ဖြင့် မီးလင်းစေနိုင်ရေး အခြေအနေ၊ အခြေခံပညာမူလတန်းလွန်ကျောင်းဆောက်လုပ်ပြုပြင်မှု အခြေအနေနှင့် အင်တိုင်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်တိုင် ၆ဝလှူဒါန်းမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရပ်မိရပ်ဖများအား အမှတ်တရ လက်ဆောင်များနှင့် တိုင်းမှူးက အားကစားပစ္စည်းများကို ပေးအပ်ပြီး ကျေးရွာလူထုအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းတို့သည် မုံရွာမြို့ စက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီ လီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ကြပြီး ပုံဖိထောင်း အလုပ်ရုံက ပြုလုပ်ထားသော ထုတ်လုပ်မှု အထောက်အကူပြု ပစ္စည်းများ၊ စက်ခုတ်စားအလုပ်ရုံက ထုတ်လုပ်မှု အထောက်အကူပြု ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တွင်ခုံစက်အမျိုးမျိုး၏ ခုတ်စားနေမှု အဆင့်ဆင့်ကိုလည်းကောင်း၊ သီဟထွန်းကုမ္ပဏီလီမိတက်က ထုတ်လုပ်သော သံရည်ကျိုနှင့် စက်ပစ္စည်း ထုတ်လုပ်မှု စက်ရုံက ထုတ်လုပ်ထားသော စက်ကိရိယာ ပစ္စည်းပေါင်း၈၂မျိုးတို့ကိုလည်းကောင်း၊ Ware House ရှိ Pig Iron Retary Tiller များ၊ Draw Bar များကို လည်းကောင်း၊ Forging Shop ရှိ လယ်ယာသုံး ထွန်စက်ငယ် ထုတ်လုပ်မှု အဆင့်ဆင့်ကို လည်းကောင်း၊ Light Truck Frame ထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သီဟထွန်းကုမ္ပဏီလီမိတက်က ထုတ်လုပ်သော လယ်ယာသုံး ထွန်စက်ငယ် ဝယ်ယူသော စာချုပ်ချုပ်ဆိုပွဲနှင့် စက်ပစ္စည်းပေးအပ်ပွဲကို ကျင်းပရာ ရောင်းဝယ်ရေးစာချုပ်ကို သီဟထွန်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ခန့်က တောင်သူများအား ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လယ်ယာသုံး ထွန်စက်ငယ်များ စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုအားပေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် Foundry Shop သို့ သွားရောက်ကြပြီး ပုံထောင်း၊ ပုံလောင်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ Shake out Section ကို လည်းကောင်း၊ Pit Mold Section ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ချင်းတွင်းရတနာခန်းမ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး သီဟထွန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ယင်းနောက် ဝန်ကြီးသည် စစ်ကိုင်းရွာသစ်ကြီးရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ချည်မျှင်နှင့် အထည်စက်ရုံ (စစ်ကိုင်း)သို့ ရောက်ရှိပြီး စက်ရုံ၏ လုပ်ငန်း အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံက တီထွင်ထုတ်လုပ်ပြသထားသော စက်အရန်ပစ္စည်း၇၃၅မျိုးတို့ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး ကောင်းမွန်သော စက်အရန်ပစ္စည်းများ ထုတ်လုပ်ကြရန် မှာကြားကာ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံ ရှင်းလင်းဆောင်တွင် စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါက်တာထီလာစစ်သူ၏ ကဗျာစာအုပ် ပေကျင်း၌ ပုံနှိပ်ထုတ်ဝေ



ရန်ကုန် မေ ၆

ကဗျာစာဆို ဒေါက်တာထီလာစစ်သူ၏ တရုတ်–မြန်မာချစ်ကြည်ရေး ကဗျာစာအုပ်တစ်အုပ်ဖြစ်သည့် Odes to Sino-Myanmar Friendship စာအုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန၏ (Foreign Languages Press) က ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် တရုတ်–အင်္ဂလိပ် နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေလိုက်ကြောင်း သိရသည်။

ဤကဗျာစာအုပ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယမြောက် ပုံနှိပ်ထုတ်ဝေပေးသော စာအုပ်ဖြစ်ပြီး ၂၀၀၁ခုနှစ်က ဧရာဝတီ ယန်စီချစ်ကြည်တေးဆိုကဗျာစာအုပ်ကို ထုတ်ဝေပေးခဲ့ကြောင်း၊ ယခုစာအုပ်၌ ကဗျာ ၁၉ပုဒ် ပါရှိကြောင်း၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ တေဇာလှိုင်က ဘာသာပြန်ဆိုပေးပြီး မြန်မာဘာသာမှ တရုတ်ဘာသာသို့ပေကျင်းတက္ကသိုလ်မှ ပါမောက္ခဦးညဏ်က ဘာသာပြန်ဆိုပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၇–၅–၂၀၀၇ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒ အထူးပြု) [ဒဿနိကဗေဒ]
၁၇:၁၀	၆။	အကပဒေသာ
၁၇:၂၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀	၉။	**လုံ လုံ လုံ** ဖိုးညဏ်၊ မေကဗျာ (ဒါရိုက်တာ–မလိခစိုးထိုက်အောင်)
၁၇:၄၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၂၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၄။	**"စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်"** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ)
၁၉:၁၀	၁၅။	သစ်သီးဝလံဟင်းသီးဟင်းရွက် ပန်းမန်ပြပွဲ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲ
၁၉:၁၅	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သစ္စာဘဝပင် ခြားသော်လည်း** (အပိုင်း–၁၆)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း–၇)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ပရီမီယာလိဂ်ဖလား မန်ယူဆွတ်ခူးပြီ

သတင်းမြင်ကွင်း – မြင့်ခိုး

လန်ဒန် မေ ၆

ပရီမီယာလိဂ်ပွဲစဉ်(၃၇) လက်ကျန်ပွဲအဖြစ် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီ သရေကျသော်လည်း ချယ်လ်ဆီးတို့ ဖလားလက်လွှတ်လိုက်ရပြီဖြစ်သည်။

ဖာဂူဆန်နှင့် အသင်းသားများ အောင်ပွဲခံနိုင်ကြပြီ။

ဆွတ်ခူးနိုင်

မန်ချက်စတာယူနိုက်တက်အသင်းသည် ယမန်နေ့က မန်စီးတီးကို အနိုင်ရလိုက်၍ ပရီမီယာလိဂ်ဖလားကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

မော်ရင်ဟို၏ ချယ်လ်ဆီး အသင်းသည် ကံမကောင်းစွာဖြင့် ပထမပိုင်းတွင် နောက်တန်းလူဘိုလာရုဇ် ကြမ်းတမ်းစွာ ကစားခဲ့၍ အထုတ်ခံရသည့်အပြင် ပယ်နယ်တီပါ အပေးခံရသည်။

ယင်းပယ်နယ်တီကို ဂီလ်ဘာတိုဆေးလ်ဗား ကန်သွင်းယူရာ အာဆင်နယ်တို့ ဦးဆောင်ဂိုးရရှိသွားသည်။ အာဆင်နယ်၏ အကွက်ဆင် ထိုးဖောက်မှုအောက်တွင် ချယ်လ်ဆီးကစားသမားများ ဘောလုံးပျောက်နေသည်။ သို့ရာတွင် ပွဲချိန်မိနစ် ၆ဝအကျော် ချယ်လ်ဆီးတို့ လျှပ်တစ်ပြက် ထိုးဖောက်ကစားရာ ထောင့်ကန်ဘောရပြီး ပြန်ထွက်လာသောဘောလုံးကို ချယ်လ်ဆီးနောက်တန်းမှ အာဆင်နယ်ဂိုးရှေ့သို့ ခုတ်တင်ပေးလိုက်ချိန် အက်ဆီယန်အမိအရ ခေါင်းတိုက်သွင်းယူနိုင်ခဲ့၍ ချေပဂိုးရရှိခဲ့သည်။

ခုနစ်မှတ်ကွာ

ယင်းရလဒ်အဖြေကြောင့် မန်ယူတို့ပွဲမကုန်မီ ဖလားဆွတ်ခူးသွားပြီဖြစ်သည်။ ယင်းဖလားမှာ မန်ယူတို့ လေးနှစ်အတွင်း ပထမဆုံးအကြိမ် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ မန်ယူတို့ ယမန်နေ့က ရမှတ် ၈၈ မှတ်ရထားသည်။ ဒုတိယနေရာမှ ချယ်လ်ဆီးသည် ယခုပွဲအပြီး ရမှတ် ၈၁ မှတ်ရရှိထားသည်။ ရမှတ် ခုနစ်မှတ်ကွာနေသဖြင့် လာမည့်နှစ်ပွဲ မန်ယူတို့ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ဖလားဆွတ်ခူးနိုင်ပြီဖြစ်သည်။ ၎င်းတို့နှစ်သင်းသည် မေ ၁၉ရက်တွင်လည်း အက်ဖ်အေဖလား လုကြမည်ဖြစ်သည်။ **(အင်တာနက်)**

တရားနာကြား

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဟုန်းလမ်းရပ်ကွက် ပန်းလှိုင် ၂လမ်း အမှတ် ၆၄နေ ဦးခင်မောင်ထွေး–ဒေါ်ဝင်းဝင်းဌေးနှင့် သမီးဖြစ်သူ ခင်အိန္ဒြေထက်မိသားစုက မေတ္တာဝါဒီ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သီလာနန္ဒ(ဓမ္မာစရိယ)အား ပုနောပသမ္ပဒါ သိက္ခာထပ်မင်္ဂလာနှင့် ပရဟိတ ကျောင်းသား ၉၈ဦးတို့အား သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာပြုလုပ်ရာ မေ ၁ရက်က လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် ၁၀လမ်းထိပ်ရှိ မေတ္တာဝါဒီ ဟသ်ာတ(ပရဟိတ)ကျောင်းတိုက်၌ ရေစက်ချတရားနာကြားစဉ်။

(က–ပ)

မြန်မာ့အလင်း အင်တာနက်ဟောင်ပိတ်သတင်း

အမေရိကန်၌ ဘုရှ်ရေပန်းမစားတော့ ထောက်ခံအားပေးမှုများ ကျဆင်း

ဝါရှင်တန် မေ ၆

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အား ထောက်ခံခြင်းရှိ မရှိ အမေရိကန်၌ စစ်တမ်းကောက်ယူခဲ့ရာ ၎င်းအားထောက်ခံမှုမှာ ၂၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း နယူးဝိခ်က ၎င်းစစ်တမ်းကို မေ ၅ရက်က ဖော်ပြသည်။

ယုံကြည်ထား

၆၂ရာခိုင်နှုန်းရှိသည့် အမေရိကန်ပြည်သူ သုံးပုံနှစ်ပုံနီးပါးက ဘုရှ်၏ မကြာသေးမီက အီရတ်၌ ဆောင်ရွက်ခဲ့သော လုံခြုံရေးအစီအမံသစ်များသည် မှားယွင်းကြောင်း ယုံကြည်ထားကြသည်ဟု ဆိုသည်။

အကောင်းဆုံးဦးဆောင်

ဘုရှ်၏ ရေပန်းမစားမှုသည် ၂၀၀၈ခုနှစ်တွင် ရီပတ်ဘလီကင်တို့ အပေါ်အနိုင်ယူရေး မေးမှိန်လာနေကြောင်းလည်း ၎င်းစစ်တမ်း၌ ဖော်ပြသည်။ ထိပ်တန်းလွှတ်တော်အမတ် ဘာရက်အိုဘားမားသည် ရီပတ်ဘလီကင်ကို အကောင်းဆုံး ဦးဆောင်လျက်ရှိသည်။

ဘုရှ်၏ လုပ်ရပ်များကြောင့် လာမည့် ၂၀၀၈ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တို့ အရေးနိမ့်ဖွယ်ရှိသည်ဟု ဆိုသည်။

ဘဂ္ဂဒက်၌ ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၂၉ ဦးသေဆုံး

ဘဂ္ဂဒက် မေ ၆

ဘဂ္ဂဒက်မြို့ ရှီးယားအများစုနေထိုင်ရာအရပ်၌ မေ ၆ ရက်က ကားဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး ၂၉ ဦးသေဆုံးပြီး လူအချို့ ဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အပြစ်ဖို့ထား

အဆိုပါ ကားဗုံးသည် ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် ဘာယားအရပ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးခွဲတိုက်ခိုက်မှုကို ဆွန်နီတို့၏ တိုက်ခိုက်မှုဟု အပြစ်ဖို့ထားကြောင်း သိရသည်။

ဆက်တိုက်ဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးအစီအမံများ တိုးမြှင့်ဆောင်ရွက်နေသော်လည်း ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

အီဂျစ်၌ လေယာဉ်ပျက်ကျ ကိုးဦး သေဆုံးဖွယ်ရှိ

ဆိုင်းနိုင်း မေ ၆

နိုင်ငံစုံ ငြိမ်းချမ်းရေးတပ်များပိုင်ဆိုင်သော လေယာဉ်တစ်စင်းသည် မေ ၆ ရက်က အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် ပျက်ကျသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်ကျ

အဆိုပါ လေယာဉ်ပေါ်တွင် လူကိုးဦးလိုက်ပါသွားရာ အားလုံး သေဆုံးဖွယ်ရှိကြောင်း၊ ယင်းလေယာဉ်မှာ ဆိုင်းနိုင်းမြောက်ပိုင်း အယ်လ်ဂူရတ် လေဆိပ်မှ တောင်ဘက်ဆုံး စိန့်ကက်သရင်းမြို့သို့ ဦးတည်ပျံသန်းစဉ် ယင်းကဲ့သို့ ပျက်ကျခဲ့ကြောင်း သိရသည်။

တရုတ် ဘိုဟိုင်းပင်လယ်ကမ်းလွန်တွင် ရေနံသိုက်ကြီးတစ်ခု ရှာဖွေတွေ့ရှိ

ပေကျင်း မေ ၆

တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်အော်တွင် ရေနံတစ်ဘီလီယံတန်ချိန် သို့မဟုတ် ရေနံစည်ပေါင်း ၇ဒသမ ၃၅ဘီလီယံခန့်ရှိသော ရေနံသိုက်ကြီး တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရာ ၎င်းရေနံသိုက်ကြီးသည် တရုတ်နိုင်ငံ၌ ဆယ်စုနှစ်လေးစုကျော်အတွင်း အကြီးမားဆုံး ရေနံသိုက်ကြီးကို ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း(စီအင်န်ပီစီ)က မေ၄ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါရေနံသိုက် တွေ့ရှိသောနေရာမှာ တရုတ်နိုင်ငံ မြောက်ပိုင်း ဟေဘေးပြည်နယ် တန်ရှန်မြို့ကမ်းလွန် နန်ပူရေနံလုပ်ကွက်တွင်ဖြစ်ကြောင်း စီအင်န်ပီစီက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ထိုနန်ပူကမ်းလွန် ရေနံလုပ်ကွက်သည် အကျယ်အဝန်း စတုရန်းကီလိုမီတာ ၁၃၀၀နှင့် ၁၅၀၀အကြားရှိသော နေရာဖြစ်သည်။

ထုတ်ယူနိုင်

စီအင်န်ပီစီအနေဖြင့် ၂၀၀၄ခုနှစ်က ကျီဒေါင်ကမ်းလွန် ရေနံလုပ်ကွက်၌လည်း ရေနံစည်၇၃၅သန်းခန့် ထုတ်ယူနိုင်သော ရေနံသိုက်တစ်ခုမှ တစ်နှစ်လျှင် ရေနံစည် ၇ဒသမ၃၅သန်း ထုတ်လုပ်နိုင်သော ရေနံသိုက်များအပါအဝင် ကမ်းလွန်ရေနံသိုက်ငါးခု တွေ့ရှိခဲ့သည်။

တိုးတက်

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ရေနံတန်ချိန် ၁၈၆ ဒသမ ၆၈သန်း ထုတ်လုပ်ခဲ့သဖြင့် ထုတ်လုပ်မှုအနေဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး နိုင်ငံအတွင်း တင်သွင်းမှုမှာ ရေနံတန်ချိန်၁၃၈ဒသမ ၈၄သန်းရှိခဲ့ရာ တိုးတက်တင်သွင်းမှုမှာလည်း ၁၆ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကိုလံဘတ်မြို့၌ ကျင်းပသည့် ရွှေဖရုံသီးပြပွဲကို မေ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဗန်ကောက် မေ ၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မေ၅ရက်ညပိုင်းက ဗုံးတစ်လုံး ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ ဗုံးပေါက်ကွဲမှုကြောင့် လူတစ်ဦးဒဏ်ရာရရှိသွားပြီး လုံခြုံရေး အခြေအနေကို တင်းကျပ်ထားကြောင်းလည်း ထိုင်းရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

ပေါက်ကွဲ

အဆိုပါဗုံးမှာ ချီတရာလာဒါအနီးလမ်းပေါ်တွင် မေ၅ရက် ည၉နာရီက ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး၊ အရေးပေါ်လုံခြုံရေး အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း ဗန်ကောက်မြို့ ရဲတပ်ဖွဲ့ အကြီးအကဲ အက်ဒီဆွန်နွန်စရီက ပြောကြားသည်။

ထုပ်ပိုး

ဒဏ်ရာရရှိသွားသည့်သူမှာ အသက် ၂၂ နှစ်အရွယ် လူငယ်တစ်ဦး ဖြစ်သည်။ ဗုံးမှာ စက္ကူအိတ်ဖြင့် ရစ်ပတ် ထုပ်ပိုးထားပြီး အဆိုပါလမ်းမပေါ်၌ ထားရှိခဲ့ခြင်းဖြစ်သည်။

ပြောကြား

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၌ ယခုနှစ်တွင် ဗုံးပေါက်ကွဲမှု ကိုးကြိမ်ဖြစ်ပွားခဲ့ပြီး လူသုံးဦးသေဆုံးကာ ၄၀ ကျော် ဒဏ်ရာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုဗုံးပေါက်ကွဲမှုမှာလည်း နိုင်ငံရေး သို့မဟုတ် အကြမ်းဖက်မှု ဆိုသည်ကို ရှင်းလင်းစွာမသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ကီလိုဂရမ် ၁၀၀ ရွှေဒင်္ဂါး ကမ္ဘာတွင် ပထမဆုံးထုတ်လုပ်

အော့တဝါ မေ ၆

ကနေဒါနိုင်ငံ၌ ကမ္ဘာ့ပထမဆုံး ကီလိုဂရမ်၁၀၀ လေးသည့် ရွှေဒင်္ဂါးကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ၉၉ဒသမ၉၉ရာခိုင်နှုန်း ရွှေသန့်စင်မှုရှိကြောင်း ဒေသဆိုင်ရာ မီဒီယာက ပြောကြားသည်။

အဆိုပါ ရွှေဒင်္ဂါးမှာ အီတလီ ပီဇာမုန့်အရွယ်ရှိပြီး ယင်းကို အချိန်အကန့်အသတ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကယ်လီဖိုးနီးယား၌ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူ ၅၄၀၀သေဆုံးနေရ

လော့စ်အိန်ဂျလိစ် မေ ၆

လေထုညစ်ညမ်းမှုကြောင့် ကယ်လီဖိုးနီးယားတွင် နှစ်စဉ်အသက် အရွယ်ကြီးသူ ၅၄၀၀သေဆုံးလျက်ရှိကြောင်း မေ၄ရက်ကထုတ်ပြန်သောနှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြသည်။

ဖော်ပြ

အဆိုပါ လေထု ညစ်ညမ်းမှုမှာ မီးရထားခေါင်းမှ ထွက်ရှိသော မီးခိုးတန်ချိန် တစ်နေ့လျှင် ၃၂တန်ကျော် ထွက်ရှိနေကြောင်း၊ ယင်းမှာ ကားမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ချိန် ၁ဒသမ၄သန်းနှင့်ညီမျှကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်က ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန် အေအိုင်ဒီအက်စ်ဆေး မူပိုင်ခွင့် ဘရာဇီး ပယ်ဖျက်

ဘရာဆီးလီးယား မေ ၆

အမေရိကန် ဆေးဝါးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် မတ်ခ် ကုမ္ပဏီက ထုတ်လုပ်သည့် အေအိုင်ဒီအက်စ်ဆေး **(အပေါ်ပုံ)** မူပိုင်ခွင့်ကို အသုံးမပြုရန် ဘရာဇီး သမ္မတလူလာဒါဆီးလ်ဗားက သက်ဆိုင်ရာသို့ အမိန့် ပေးလိုက်သည်။

ဘရာဇီးနိုင်ငံနှင့်အမေရိကန်ဆေးဝါးကုမ္ပဏီတို့ ဆွေးနွေးညှိနှိုင်းမှု ပျက်ပြားပြီးနောက် ဘရာဇီးနိုင်ငံက အထက်ပါအတိုင်း အရေးယူ ဆောင်ရွက်ခြင်းဖြစ်သည်။

လိုလား

မတ်ခ်ကုမ္ပဏီက ၃၀ရာခိုင်နှုန်း လျှော့ဈေးပေးသော်လည်း ထိုင်းနိုင်ငံကဲ့သို့ ထိုထက်လျှော့ရောင်းရန် ဘရာဇီးနိုင်ငံက လိုလားသည်ဆိုသည်။

သုံးစွဲမည်

ယခုအခါ ဘရာဇီးနိုင်ငံသည် ပိုမိုဈေးချိုသည့် အိန္ဒိယနိုင်ငံလုပ် အေအိုင်ဒီအက်စ်ဆေးများကို ဝယ်ယူသုံးစွဲတော့မည်ဟု သိရသည်။ **(အင်တာနက်)**

ပုဂ္ဂလိကဘဏ်များနှင့် သံမဏိကုမ္ပဏီ ပြည်သူပိုင်သိမ်းရန် သတိပေး

ကာရာကတ် မေ ၆

ဗင်နီဇွဲလားနိုင်ငံရှိ ဘဏ်များနှင့် အကြီးဆုံးသံမဏိကုမ္ပဏီ ဆီဒါတို့ မသင့်လျော်သည့်လုပ်ငန်းများ ဆက်လုပ်နေလျှင် ပြည်သူပိုင်သိမ်းမည်ဖြစ်ကြောင်း သမ္မတဟူဂိုချာဗက်ဇ်က မေ၃ရက်နေ့က သတိပေးလိုက် သည်။

ဗင်နီဇွဲလားနိုင်ငံမှ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း၊ လျှပ်စစ်ကုမ္ပဏီများနှင့် ရေနံကဏ္ဍတို့ကို ပြည်သူပိုင်သိမ်းပြီးနောက် သမ္မတချာဗက်ဇ်က အထက်ပါအတိုင်း သတိပေးပြောကြားခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပင်လယ်လိပ်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ အာဘေယန် ပင်လယ်ကမ်းခြေရှိ ပင်လယ်လိပ်များကို မေ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ ငလျင်များလှုပ်ခဲ့

ဂျကာတာ မေ ၆

အင်ဒိုနီးရှားနိုင်ငံ၏ အနောက်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် မေ ၄ ရက်က ငလျင်များ အများအပြား လှုပ်ခဲ့ပြီး အသေအပျောက် သတင်းမရရှိသေးကြောင်း မိုးလေဝသနှင့်ဘူမိရူပဗေဒဌာနက သတင်းထုတ်ပြန်သည်။

ဘာလီကျွန်းတွင် ဂရင်းနစ်စံတော်ချိန် ဝ၃း၃ဝနာရီတွင် အင်အား ၅ဒသမ ၅ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ယင်းကျွန်းရှိ နျူဆာဒူအာ ဒေသမှ ၈၃၁ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၁၅၉ ကီလိုမီတာကို ဗဟိုပြု၍လှုပ်ကြောင်း ယင်းဌာနမှ အရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အနှစ် ၁၀၀၀ကျော် သစ်ပင်ကြီးလဲကျခဲ့မှု စီချွမ်ပြည်နယ်၌ လူနှစ်ဦးသေဆုံး

ချန်ဒူး မေ ၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ဟောင်လောင်စီမြို့ ဂူလောင်ဘုရားကျောင်း၌ လွန်ခဲ့သော အနှစ် ၁၀၀၀ကျော်က ရောမသစ်ပင်ကြီး လဲကျခဲ့ရာ လူ နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်တို့ ရေအားလျှပ်စစ်ကဏ္ဍ ပူးပေါင်းထုတ်လုပ်မည်

ဒါကာ မေ ၆

အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနှင့်နီပေါနိုင်ငံတို့သည် ရေအားလျှပ်စစ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ယခင်တိုက်တွန်းပြောကြားမှုများနှင့် ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းဆိုထားကြောင်း ဘင်္ဂလားဒေ့ရှ်သတင်းဌာန ယူအင်န်ဘီက မေ ၄ရက်၌ သတင်းထုတ်ပြန်သည်။

ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်ပြီး မိမိတို့အနေဖြင့် အိန္ဒိယ၊ နီပေါ နိုင်ငံတို့နှင့် နီးနီးကပ်ကပ် ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံစွမ်းအင်နှင့် လျှပ်စစ်လုပ်ငန်းဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် တာပန်ချောဟူရီက မေ ၄ရက်၌ ပြောကြားသည်။

ပြောကြား

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ပြီးခဲ့သည့် မတ်လက ကျင်းပခဲ့သော တောင်အာရှဒေသပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ စွမ်းအင်ဝန်ကြီးများ ညီလာခံတွင် အိန္ဒိယနှင့်နီပေါနိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများနှင့် တွေ့ဆုံကာ ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စိတ်အားထက်သန်မှုကို ပြောကြားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆောင်ရွက်

ထို့အပြင် တောင်အာရှ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးတွင် ဒေသအတွင်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ အပေါ်၌ ကန့်သတ်မှု ဘောင်အတွင်းမှ လုပ်ငန်းများ ဆက်လက် လုပ်ဆောင်ရေးကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာပန်ချောဟူရီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီတလီသို့ ခါတ်ငွေ့ရောင်းချမှု ၂၀၀၆ခုနှစ်၌ အယ်လ်ဂျီးရီးယား အများဆုံးဖြစ်

အယ်လ်ဂျီးရီးယား မေ ၆

၂၀၀၆ခုနှစ်တွင် အီတလီနိုင်ငံ၏ သဘာဝဓာတ်ငွေ့ အသုံးပြုမှုတွင် အများဆုံး ရောင်းချသည့်နိုင်ငံမှာ အယ်လ်ဂျီးရီးယားနိုင်ငံဖြစ်ကြောင်း အယ်လ်ဂျီးရီးယားသတင်းအေဂျင်စီက မေ ၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ရောင်းချ

အယ်လ်ဂျီးရီးယားနိုင်ငံ သဘာဝဓာတ်ငွေ့ ရောင်းချမှု ပမာဏအား ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်လျက်ရှိသည်။ ၂၀၀၆ ခုနှစ်တွင် အီတလီနိုင်ငံ၏ သဘာဝဓာတ်ငွေ့အသုံးပြုမှုအားလုံး၏ ၃၃ ရာခိုင်နှုန်းမှာ အယ်လ်ဂျီးရီးယားနိုင်ငံဖြစ်ပြီး ရုရှားနိုင်ငံက ရာခိုင်နှုန်း ၃၀ ရောင်းချနိုင်ခဲ့သည်။

လက်မှတ်ရေးထိုး

၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် အယ်လ်ဂျီးရီးယားနိုင်ငံသို့ အီတလီဝန်ကြီးချုပ် လာရောက်လည်ပတ်စဉ် နှစ်နိုင်ငံသဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

၂၀၀၆ ခုနှစ်တွင် အီတလီနိုင်ငံသို့ အယ်လ်ဂျီးရီးယားမှ ဟိုက်ဒရိုကာဗွန် ထုတ်လုပ်မှု ရာခိုင်နှုန်း ၃၀၊ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀ ဒသမ ၇ တန်ဖိုး တင်သွင်းခဲ့ပြီး သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်း ၉၉ ရာခိုင်နှုန်း တင်သွင်းသည်။

နှိုင်းယှဉ်

၂၀၀၆ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံရရှိခဲ့ရာ ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၈ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကိုးကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အီလက်ထရွန်နစ်ပြပွဲ၌ ပြသထားသည့် မိုဘိုင်းလ်ဖုန်းကို မေ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ နျူကလီးယား သုတေသနဌာန ခရီးသွားဧည့်သည်များအတွက် ဖွင့်လှစ်ပေး

စီနန် မေ ၆

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျန်ဟိုင်ပြည်နယ်တွင်ရှိသော တရုတ်နိုင်ငံ၏ ပထမဆုံး နျူကလီးယားလက်နက် သုတေသနနှင့် ထုတ်လုပ်ရေးဌာနကို လျှို့ဝှက်ထားမှုအဆင့်မှ လျှော့ချလိုက်ပြီး ခရီးသွားဧည့်သည်များအတွက် လေ့လာနိုင်ရန် ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဖွင့်လှစ်ပေး

မြေအောက်တွင် ထားရှိသော နျူကလီးယား သုတေသနနှင့် ထုတ်လုပ်ရေး အခြေစိုက်ဌာနကို ပြည်သူများအတွက် ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်ကြောင်း၊ နျူကလီးယား မြို့ကဲ့သို့ ဖြစ်နေသော အဆိုပါဌာနအား ပြည်သူများ မြင်တွေ့ကြရမည်ဖြစ်ကြောင်း ဟေဘေး တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အရာရှိတစ်ဦးဖြစ်သူ ကျောဆူမင်က ပြောကြားသည်။

အဆိုပါ နေရာသည် ခရီးသွားဧည့်သည်များအတွက် အဓိကနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူများအတွက်လည်း လေ့လာစရာနေရာတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ကျောဆူမင်က ပြောကြားသည်။

တည်ဆောက်

ထိုနေရာသည် ကျန်ဟိုင်ဒေသမြောက်ပိုင်းတွင်ရှိပြီး မြေအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၁၁၀၀ ကျော်ရှိသည်။ ၎င်းဌာနကို လွန်ခဲ့သော ၁၉၅၈ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျားစီးနေသော ကလေးငယ်

ကျားတစ်ကောင်အား အပျော်စီးနေသော ကလေးငယ်တစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့ တိရစ္ဆာန်ဉယျာဉ်၌ အားလပ်ရက်အတွင်း ကလေးငယ်များအနေဖြင့် ကျားများကို အပျော်စီးပြီး စိတ်ရွှင်လန်းစေသော အစီအစဉ်များ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

၂၆ပေရှည်သော ငါးမန်း

ပင်လယ်ပြင်မှ ဖမ်းမိခဲ့သော ငါးမန်းကြီးတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါငါးမန်းကြီးကို ကနေဒါနိုင်ငံ ဘလစ်ဗီနီကာကျွန်း အနီးပင်လယ်ပြင်တွင် မကြာမီက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး အရှည် ၂၆ပေ အလေးချိန်နှစ်တန်ခွဲရှိကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်ရှိ အသံလွှင့်ရုံတစ်ရုံ ဖောက်ခွဲ ဖျက်ဆီးခံရ

ဘဂ္ဂဒက် မေ ၆

ဘဂ္ဂဒက်မြို့ရှိ လွတ်လပ်သည့် အသံလွှင့်ရုံတစ်ရုံကို စစ်သွေးကြွများက မေ ၄ ရက်က ဖောက်ခွဲဖျက်ဆီးလိုက်သဖြင့် အသံလွှင့်ရုံ၏ ရုံးခန်းများ ပျက်စီးသွားသော်လည်း ထိခိုက်မှုမရှိဟု အသံလွှင့်ရုံညွှန်ကြားရေးမှူး ကာရင်ယူစွပ်က ပြောကြားသည်။

တိုက်ခိုက်

လက်နက်အပြည့် ကိုင်ဆောင်လာသူတစ်စုက ထိုအသံလွှင့်ရုံမှ လူတစ်ဦးကို သတ်ကာ နှစ်ဦးဒဏ်ရာရသွားပြီး နောက်တစ်ရက်တွင် အထက်ပါအတိုင်း ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်ခြင်းဖြစ်သည်။

ဖောက်ခွဲ

အသံလွှင့်ရုံမှာ ယခင်ကလည်း အကြိမ်များစွာ တိုက်ခိုက်ခံရကြောင်း၊ ယခု တိုက်ခိုက်ဖျက်ဆီးချိန်တွင် အသံလွှင့်ရုံအတွင်း၌ ဘာမျှမရှိတော့ကြောင်း၊ ည ၁၀ နာရီအချိန်တွင် ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း မစ္စတာယူစွပ်က ပြောကြားသည်။

ရှင်းပြ

သေနတ်သမားများသည် ရှေးဦးစွာ လုပ်ငန်းသုံးပစ္စည်းများကို ခိုးယူပြီးနောက် ဗုံးခွဲဖျက်ဆီးခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

ယမန်နေ့ကပင် အလုပ်သမားများအားလုံး အသံလွှင့်ရုံအတွင်းမှ ထွက်သွားကြပြီဖြစ်ကြောင်း မစ္စတာယူစွပ်က ရှင်းပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား အားကစား

ဘွန်ဒက်စ်လီဂါတွင် ချန်ပီယံဖြစ်တော့မည့် ရှော်လ်ကေး

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၆

ဂျာမနီနိုင်ငံ ဘွန်ဒက်စ်လီဂါပြိုင်ပွဲများ ပြီးဆုံးတော့မည်ဖြစ်သည်။ ဘွန်ဒက်စ်လီဂါပွဲစဉ်များ ပြီးဆုံးရန် နှစ်ပွဲသာ လိုတော့သည့်အချိန်တွင် မည်သည့်အသင်း ဖိုလ်စွဲမည်ဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းလျက် ရှိနေပြီဖြစ်သည်။

လောလောဆယ် အနေအထားတွင် ဘွန်ဒက်စ်လီဂါ၌ ၃၂ ပွဲကစားပြီးချိန်တွင် ရှော်လ်ကေးတို့က ၆၅မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ကာ ဘွန်ဒက်စ်လီဂါဖလားကို ရရှိရန်အစွမ်းကုန် ကြိုးစားလျက်ရှိနေသည်။

မျှော်မှန်းလျက်

ယခုနှစ် ဘွန်ဒက်စ်လီဂါ၌ ဖလားရရန်အပြိုင်ကြိုးစားနေသည့် အသင်းများမှာ ထိပ်ဆုံးမှ ရှော်လ်ကေးနှင့် စတုဂတ်တို့ ဖြစ်ပြီး ဝါဒါဘရီမင်ကလည်းဖလားရယူရန် မျှော်မှန်းလျက်ရှိနေသည့် အသင်းဖြစ်သည်။

ရရှိမည်

လက်ရှိအချိန်တွင် ရှော်လ်ကေးက ၃၂ ပွဲကစား ၆၅ မှတ်၊ စတုဂတ်က ၃၂ ပွဲကစား ၆၄ မှတ်နှင့် ဝါဒါဘရီမင်တို့က ၃၁ပွဲကစား အမှတ် ၆၀ရရှိကာ ထိပ်ဆုံးမှ ရှော်လ်ကေးတို့ လက်ကျန်နှစ်ပွဲကို အနိုင်ကစားခဲ့လျှင် ဘွန်ဒက်စ်လီဂါဖလားကို ရရှိမည်ဖြစ်သည်။

ဘွန်ဒက်စ်လီဂါဖလားအတွက်အခြေအနေအကောင်းဆုံးမှာ ရှော်လ်ကေးအသင်းဖြစ်ပြီး လက်ရှိဘွန်ဒက်စ်လီဂါ၌ ခြေအမှန်ဆုံး အသင်းလည်း ဖြစ်နေသည်။

အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းပြနိုင်ခဲ့သောရှော်လ်ကေးတို့ လက်ကျန်နှစ်ပွဲတွင် အိမ်ကွင်း၌ ဘီလီဖီးလ်နှင့် ကစားရမည့်ပွဲနှင့် အဝေးကွင်း၌ ဒေါ့မွန်

ရှော်လ်ကေးအသင်းသားများ ဤသို့ အောင်ပွဲခံနိုင်တော့မည်လော။ (ဓာတ်ပုံ-အင်တာနက်)

အသင်းနှင့် ကစားရမည့် ပွဲဖြစ်ရာ အိမ်ကွင်း၊ အဝေးကွင်းနှစ်ပွဲစလုံး အနိုင်ကစားနိုင်မည့်ပွဲများ ဖြစ်နေသည်။

ခြေစွမ်းပြ

ရှော်လ်ကေးအသင်းတွင် ပွဲတိုင်းကစားပြီး ဂိုးအများဆုံးသွင်းထားနိုင်သူမှာ တိုက်စစ်မှူးကီဗင်ကူရန်ယီဖြစ်ပြီး ယခုအချိန်အထိ တစ်ဦးတည်း ၁၅ ဂိုးသွင်းထားနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် ပီတာ၊ အယ်တင်တော့၊ ဂျို့ဘော်တန်နှင့် ကိုဘီရာရှုဗီလီတို့ကလည်း ရှော်လ်ကေး၏ အမာခံကစားသမားများ ဖြစ်သလို ခြေစွမ်းပြဂိုးသွင်းနိုင်ကြသူများဖြစ်သည်။

သိပ်သည်းကျစ်လျစ်

ရှော်လ်ကေးအသင်း၏ အောင်မြင်မှုကို ရရှိအောင်စွမ်းဆောင်ပေးရာတွင် အဓိကမှာ နောက်တန်းခံစစ်ကြောင်းခိုင်မာ တောင့်တင်းမှုပင် ဖြစ်သည်။

ဘွန်ဒက်စ်လီဂါ၌ ရှော်လ်ကေးအသင်းသည် ခံစစ်တွင် သိပ်သည်းကျစ်လျစ်မှု အကောင်းဆုံးအသင်းပင်ဖြစ်သည်။

မှန်ကန်သူ

ထို့အတူ ရှော်လ်ကေးဂိုးသမား မင်နူရယ်နူရာမှာ ယခုနှစ်၌ အသင်းအတွက် အကောင်းဆုံးလက်စွမ်းပြ ကစားပေးနိုင်ခဲ့သလို အများအယွင်းလည်း နည်းပြီး ဆုံးဖြတ်ချက်လည်း မှန်ကန်သူဖြစ်သည်။

ထို့အတူ ရှော်လ်ကေး ကွင်းလယ်ကစားသမားများဖြစ်သော မာကော့စ်ဟတ်ကီ၊ ဘာဂျရာဗိုဗစ်၊ ဘွမ်ဂျိုဟမ်၊ တီမိုကူနက်၊ လင်ကွန်းဗာရီလာနှင့် ဖာဘီရန်တို့ကလည်း တစ်ကွင်းလုံးဖြန့်ကြက်ကာ အထက်အောက် တိုက်စစ်၊ ခံစစ်မျှအောင် ကစားနိုင်ကြသူများဖြစ်ပြီး ဂိုးလည်း သွင်းယူနိုင်ကြသူများ ဖြစ်သည်။

ရှော်လ်ကေး၏ လက်ကျန်နှစ်ပွဲတွင် အဝေးကွင်း၌ ကစားရမည့် ဒေါ့မွန်အသင်းမှာ ပထမအကျော့ အိမ်ကွင်း၌ ရှော်လ်ကေးတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင် ယူထားခဲ့သော အသင်းဖြစ်ပြီး ယခင် အဝေးကွင်း ပွဲစဉ်များ၌လည်း ရှော်လ်ကေးတို့ နိုင်ပွဲများနှင့်သရေပွဲများသာ ရရှိအောင်ကစားနိုင်ခဲ့သည့် အသင်းဖြစ်သည်။ ထို့ကြောင့် အဝေးကွင်းဖြစ်သော်လည်း ဒေါ့မွန်ကိုနိုင်မည်မှာ သေချာသည်။

ထို့အတူ အိမ်ကွင်း၌ကစားရမည့် ဘီလီဖီးလ်အသင်းမှာ ယခုနှစ်ဘွန်ဒက်စ်လီဂါတွင် အဝေးကွင်းနှစ်ပွဲသာ အနိုင်ရရှိထားသော အသင်းဖြစ်ပြီး တန်းဆင်းဇုန်မှ လွတ်အောင် ကြိုးစား ရုန်းကန်နေရသော အသင်းလည်း ဖြစ်သည်။ ပထမအကျော့ ဘီလီဖီးလ်ကွင်း၌ ရှော်လ်ကေးတို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားခဲ့ရာ ယခုအိမ်ကွင်း၌ ရှော်လ်ကေးတို့နိုင်ပွဲရမည့်အသင်းဖြစ်သည်။

ဆွတ်ခူးနိုင်

ရှော်လ်ကေးတို့ ဘွန်ဒက်စ်လီဂါ၌ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရပြီး ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ၌ စတုတ္ထသာ ရခဲ့သော်လည်းယခုနှစ်၌ ရှော်လ်ကေးတို့ ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

✳ **ဘယ်လ်ဂျီယံတင်းနစ်မယ် ကမ္ဘာ့နံပါတ်တစ် ဂျူစတင်ဟာနင်ဟာဒင်းသည် ဝါဆော၌ ကျင်းပသော ဂျေနှင့်အက်စ်တင်းနစ် အကြိုဗိုလ်လုပွဲတွင် ရုရှားမှ ဂျန်ကိုဗစ်ကိုအနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

✳ အီတာလျံအိုးပင်းဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် တောင်အာဖရိကမှ မက်ကလာဒီသည် ဒုတိယနေ့ပြိုင်ပွဲအပြီး စုစုပေါင်း၁၄ချက်လျော့ရိုက်ပြီး ပြိုင်ဘက်များကို ဦးဆောင်နေသည်။

✳ **မန်ချက်စတာယူနိုက်တက် အသင်းသည် မေ ၅ ရက်က မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် နည်းပြဖာဂူဆန်က ၎င်း၏ ကစားသမားများအား ချီးကျူးစကား ဆိုလိုက်သည်။**

✳ အိုလံပစ်လိုင်ယွန်တိုက်စစ်မှူး မီလန်ဘားရိုစ်သည် ဧပြီ ၂၈ ရက်က လီမန်းအသင်းနှင့် ကစားစဉ် နှာခေါင်းလိမ်ပြခဲ့မှုကြောင့် ပြင်သစ်ဘောလုံးလိဂ်က သုံးပွဲပိတ်ပင်လိုက်သည်။

(အင်တာနက်)

ဘာစီလိုနာက ရီးရဲဆိုစီဒက်ကို နိုင် ချန်ပီယံဖြစ်ရေး အလားအလာကောင်း

မက်ဒရစ် မေ ၆

စပိန်လာလီဂါပွဲစဉ်(၃၃)ပြိုင်ပွဲအဖြစ် မေ ၅ ရက်က ဘာစီလိုနာအသင်းနှင့် ရီးရဲဆိုစီဒက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာတို့ အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ရမှတ်များတိုးခဲ့သည်။

ဘာစီလိုနာအသင်းသည် တန်းဆင်းဇုန်ရောက် ရီးရဲဆိုစီဒက်အသင်းကို ခက်ခဲစွာကစားခဲ့ပြီးမှ အနိုင်ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးသည်အထိ ဘာစီလိုနာတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ဂိုးရအောင် မသွင်းယူနိုင်ခဲ့ပေ။

သို့သော်လည်း ဒုတိယပိုင်းပြန်စချိန်တွင် အီတိုး၊ရော်နယ်ဒင်ဟိုနှင့် အင်နီယေစတာတို့ ဦးဆောင်တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ပွဲချိန်၄၇မိနစ်တွင် အင်နီယေစတာက ဘာစီလိုနာအသင်းအတွက် ဖွင့်ဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။

သွင်းယူ

ယင်းနောက် ဘာစီလိုနာအသင်း၏ ဒုတိယမြောက်နှင့် ပွဲသိမ်းဂိုးကို တိုက်စစ်မှူးအီတိုးက သွင်းယူနိုင်ခဲ့သည်။

ယင်းပွဲအနိုင်ရလိုက်သဖြင့် ဘာစီလိုနာတို့ စပိန်လာလီဂါချန်ပီယံဖြစ်ရန် အလားအလာ ကောင်းသွားသည်။ ဘာစီလိုနာတို့ ယင်းပြိုင်ပွဲအပြီး ၁၉ပွဲနိုင်ကာ ရမှတ် ၆၅မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ သို့ရာတွင် ဒုတိယနေရာမှ ဆီဗီလာအသင်းသည် ၃၂ပွဲကစားအပြီး ရမှတ် ၆၁ မှတ်ဖြင့် လာလီဂါချန်ပီယံဆုဖလား ဆွတ်ခူးရန် ဘာစီလိုနာကိုခြိမ်းခြောက်လျက်ရှိသည်။

ထိုနေ့က ဗလင်စီယာအသင်းသည် ဒီပို့တီဗိုအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ စပိန်လာလီဂါ ပွဲစဉ်၃၂အပြီး ဆဲလ်တာဗီဂို၊ ရီးရဲဆိုစီဒက်နှင့် ဂျင်နက်စတစ်အသင်းတို့ တန်းဆင်းဇုန်သို့ ရောက်ရှိနေသည်။ ၎င်းအသင်းများသည် လာမည့်ပွဲစဉ်များအတွင်း တန်းဆင်းဇုန်မှလွတ်မြောက်ရေးအတွက် အကြိတ်အနယ်ကြိုးစားကြလိမ့်မည်ဟု မျှော်လင့်ရသည်။ **(အင်တာနက်)**

ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၂)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ရှော်လ်ကေးနှင့်စတုဂတ်တို့ အနိုင်ရရှိ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မြူးနစ် မေ ၆

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၂) ဘောလုံးပြိုင်ပွဲများကို မေ၅ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော ရှော်လ်ကေး အသင်းသည် အိမ်ကွင်း၌ နုရင်ဘတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နိုင်ပွဲဆက်လျက်ရှိသည်။

ရှော်လ်ကေးအသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၃မိနစ်တွင် ကူရန်ယီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းပွဲအနိုင်ရလိုက်၍ ရှော်လ်ကေးအသင်းသည် ရမှတ် ၆၅မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။

ထိုနေ့က စတုဂတ်အသင်းသည် အိမ်ကွင်း၌ မိန့်ဇ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ ဘွန်ဒက်စ်လီဂါဖလား ဆွတ်ခူးရန် ရှော်လ်ကေးကို အနီးကပ်စိန်ခေါ်လျက်ရှိသည်။ စတုဂတ်အသင်းသည် ယင်းပွဲအပြီး ရှော်လ်ကေးအသင်းနောက်မှ တစ်မှတ်လျော့ လိုက်ကာ ရမှတ် ၆၄မှတ် ရရှိထားသည်။ ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ဂလာဘတ်အသင်းကို တစ်ဂိုးစီ သရေကျခဲ့သဖြင့် ချန်ပီယံဆုနှင့်ဝေးသည်ထက် ပိုဝေးသွားသည်။ နာမည်ကြီး ဝါဒါဘရီမင်အသင်းသည် ရမှတ်၆၀ဖြင့် တတိယနေရာမှ လိုက်နေသည်။

ရုန်းကန်ရမည်

ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၂)အပြီး တန်းဆင်းဇုန်အတွင်း ရောက်နေသော အသင်းများမှာ အာချန်၊ မိန့်ဇ်နှင့် ဂလာဘတ်အသင်း တို့ဖြစ်သည်။ ယင်းတို့သည်လည်း လာမည့်နှစ်ပွဲတွင် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရေးအတွက် ရုန်းကန်ကစားရလိမ့်မည်ဖြစ်သည်။

စတုဂတ်အသင်းမှ ဆာမစ်ခိုက်ဒီယာရာ၏ ထိုးဖောက်ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

ဖရန့်ဖတ်	၄ - ၁	အာချန်
ဝုလ်ဘတ်	၀ - ၂	ဒေါ့မွန်
ဟမ်းဘတ်	၀ - ၃	ဘိုချန်။

(အင်တာနက်)

ရော်နယ်ဒို ခြေထောက်ဒဏ်ရာရ

မီလန် မေ ၆

အေစီမီလန်တိုက်စစ်မှူးရော်နယ်ဒိုသည် မေ ၄ ရက်က အသင်းသားများနှင့်အတူ လေ့ကျင့်မှုများ ပြုလုပ်စဉ် ခြေထောက်ဒဏ်ရာရရှိခဲ့ကြောင်း အေစီမီလန်ကလပ်က ပြောကြားသည်။

ပါဝင်

သို့သော် ရော်နယ်ဒို၏ ဒဏ်ရာရရှိမှုမှာ သက်သာခဲ့သဖြင့် ဘောလုံးပွဲစဉ်များနှင့် လွဲဖွယ်မရှိကြောင်း၊ အေစီမီလန်အသင်း၏ပွဲစဉ်များ၌ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း ၎င်းကလပ်က ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

အေစီမီလန်သည် မေ ၂၃ ရက်၌ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် လီဗာပူးနှင့် ကစားရမည်ဖြစ်သည်။

(အင်တာနက်)

စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန်ကျောင်းတော်ကြီး၏ အမိုးနှင့် ဘုံဆင့်အတွက် သွပ်ဖိုးငွေကျပ်သိန်း၃၀ ကို မိဘများအား အမှူးထား၍ ဦးခင်မောင်ဇော်-ဒေါ်အေးအေးမင်း၊ သား လပြည့်မိသားစု ၈/ဘီ မြနန္ဒာလမ်း မြကန်သာအိမ်ရာ ကမာရွတ်မြို့နယ်က ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥတ္တမာစာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် မေ ၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၇)တွင် ဆရာကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အွန်စောတို့ဌာနေအခန်းဆက် ခရီးသွားဆောင်းပါးနှင့်အတူ စည်းကမ်းဖောက်ဖျက်သည့် မော်တော်ယာဉ်များပြစ်မှုအတွက် ဒဏ်ငွေပေးဆောင်ခြင်းမရှိပါက စက်သုံးဆီရောင်းချမှု ရပ်ဆိုင်းသည့် အစီအစဉ်အောင်မြင်၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နိုင်ရန် ဆောင်ရွက်ပေးမည်ဆိုကာ ငွေကြေးလိမ်လည်သည့်သဘောဖြစ်ရပ် ဖြစ်ပွား၊ နှစ်နိုင်ငံတိုက်ရိုက်ချိတ်ဆက်လမ်းမ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်အကြားတည်ဆောက်မည်၊ ရောဂါကြီးခြောက်မျိုးအတွက် ပြည်တွင်းမှ ပရဆေးပင်များကို အသုံးပြု၍ ခေတ်မီအနောက်တိုင်းဆေးများ ထုတ်လုပ်မည်၊ ယခုကာလရွာသွန်းနေသော မိုးကြိုးမိုးမှာ အန္တရာယ်အလွန်ရှိ၍ သတိထားစေလို စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖြန့်ချိ

မျက်လှည့်ဆန်ဆန်မော်ခြေစွမ်းရှင်နှင့် ယူနိုက်တက် အားကစားဆောင်းပါးနှင့်အတူ အမြောင်မယားမထားကြေး မိဘကိုသာ လုပ်ကျွေးကြေး၊ ကမ္ဘာ့အပူသတင်း တစ်ရှိန်ရှိန်မြင့်တက်လာနေ၊ ဒေါသဖြစ်စဉ် ပုံရိပ်တစ်ကွက် လျှပ်တစ်ပြက်မှတ်တမ်းတင်နိုင်ခဲ့၊ လူငယ်ရေးရာ အာဆီယံရန်ပုံငွေ စင်ကာပူနိုင်ငံ စတင်ထူထောင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

နေ့အပူချိန်

၆-၅-၂၀၀၇

နေပြည်တော်	၉၇	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်(ကမ္ဘာအေး)	၈၄	ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၂	ဒီဂရီဖာရင်ဟိုက်
ကျောက်ဆည်	၁၀၄	ဒီဂရီဖာရင်ဟိုက်
ကသာ	၁၀၂	ဒီဂရီဖာရင်ဟိုက်
ကလေးဝ	၁၀၂	ဒီဂရီဖာရင်ဟိုက်
ကန့်ဘလူ	၁၀၂	ဒီဂရီဖာရင်ဟိုက်
မုံရွာ	၁၀၂	ဒီဂရီဖာရင်ဟိုက်

မြန်မာအေကရတ်ထရန်စဖော်မာကုမ္ပဏီလီမိတက်
Myanmar Ekarat Transformer Co., Ltd.



Joint Venture Between
Myanma Machine Tools and Electrical Industries
&
Ekarat Engineering Public Co., Ltd.

ဂျာမနီနိုင်ငံမှ အဆင့်မြင့်နည်းပညာအသုံးပြု၍ အရည်အသွေး စံချိန်စံညွှန်းမြင့်မားပြီး ခေတ်မီဆန်းသစ်သောပုံစံဖြင့် 50 kVA မှ 2000 kVA အထိ ထရန်စဖော်မာများ ထုတ်လုပ်လျက်ရှိပါသည်။

အဆင့်မြင့်ဆုံးနည်းပညာ၊ စစ်မှန် မှန်ကန်သောအရည်အသွေး အကောင်းဆုံးဝန်ဆောင်မှုများဖြင့် စက်ရုံအလုပ်ရုံနှင့် စီမံကိန်းလုပ်ငန်းများအတွက် မြန်မာပြည်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

နှစ်ပတ်လည်စစ်ဆေးမှုများနှင့် Servicing ပြုလုပ်ပေးခြင်းများကို လိုက်လံဆောင်ရွက်ပေးလျက်ရှိပါသည်။

အရောင်းပြခန်း

အမှတ် ၈၆(ဘီ)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၁၆၅၁၂၊ ၅၁၆၅၁၀၊ ၇၂၃၇၅၅၊ ၇၀၇၀၇၃၊ ၀၉၅၀၁၈၅၅၀။

စက်ရုံ

အကွက်အမှတ် ၄၇၆၊ မိုးကုတ်လမ်း၊ စက်မှုဇုန်(၁)၊ ၂၃ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။ ဖုန်း-၇၂၃၇၅၄၊ ၅၉၁၅၂၁။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ခြေလက်အရိုးကျိုးခြင်းမှကာကွယ်ရန် ပလတ်စတစ်ကျပ်စည်းပြားဆောင်သင့်

လန်ဒန် မေ ၆

ခြေလက်ကျိုးခြင်းကိုဖြစ်စေတတ်သော အားကစားသမားများအတွက် အလွယ်တကူအသုံးပြုနိုင်သော ပလတ်စတစ်ကျပ်စည်းပြားလေးများသည် ခြေလက်အရိုးကျိုးမှုများကို အကာအကွယ်ပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံ ရှက်ဖ်ဖီးဟယ်လမ်တက္ကသိုလ်မှ သုတေသနပညာရှင်များအဖွဲ့က ပြောကြားသည်။

ကာကွယ်နိုင်

ပလတ်စတစ်ကျပ်စည်းပြားလေးများကို အားကစားသမား၏ ခြေလက်များတွင် စည်းနှောင်ကာ အသုံးပြုခြင်းဖြင့် အားကစားပြုလုပ်ချိန်၌ အရိုးကျိုးမှုမှ ကာကွယ်ပေးနိုင်သကဲ့သို့ မတော်တဆမှုကြောင့် အရိုးကျိုးသွားခဲ့လျှင် ၎င်းပလတ်စတစ် ကျပ်စည်းပြားလေးများကို အသုံးပြုနိုင်ကြောင်း ရှက်ဖ်ဖီးဟယ်လမ်တက္ကသိုလ်မှ ပါမောက္ခ ပေါလ် ချမ်ဘာလိန်က ပြောကြားသည်။

အသုံးပြုနိုင်

နှင်းလျှောစီး အားကစားသမားများအနေဖြင့်လည်း အဆိုပါ ပလတ်စတစ် ကျပ်စည်းပြားလေးများကို အသုံးပြုသင့်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့လျှင် လျင်မြန်စွာအသုံးပြုနိုင်ခြင်းကြောင့် အရိုးများ ဆိုးရွားစွာကျိုးမှုကို သက်သာပျောက်ကင်းအောင် အကူအညီပေးနိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် တစ်နှစ်လျှင် ခြေလက်အရိုး ထိခိုက်ဒဏ်ရာရရှိသည့် လူအရေအတွက်မှာ ၄၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

ဦးမိုးသက် ၇/ပတန(နိုင်)၀၀၀၀၀၁နှင့် ဥပဒေအကျိုးဆောင် ဦးဝင်းမောင်တို့၏ ၉-၄-၂၀၀၇ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ ကြေညာချက်ကိုအများသိစေရန် ဒေါ်သီတာကို ၁၂/မဘန(နိုင်)၀၈၃၀၀၅ က

ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်မ ဒေါ်သီတာကိုနှင့် ဦးမိုးသက်တို့သည် တရားရုံးချုပ် တရားသူကြီးရှေ့မှောက်တွင် နှစ်ဖက်လူကြီးစုံရာဖြင့် ၆-၁-၂၀၀၂ ရက်၌ တရားဝင် လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြပါသည်။ သမီး မေသစ္စာမိုး ၂ နှစ် ၄ လအရွယ်တွင် ကျွန်မမမာမကျန်းဖြစ်၍ ဆေးရုံတက် လည်ပင်းခွဲစိတ်ကုသမှုခံယူချိန်မှစတင်၍ ဦးမိုးသက်သည် လင့်ဝတ္တရားပျက်ကွက်ခဲ့ပြီး ကျွန်မ၏ရောဂါ ပိုမိုတိုးစေရန် စိတ်အနှောင့်အယှက်အမျိုးမျိုးပေးခဲ့ပါသည်။ ဆေးရုံဆင်းပြီး အိမ်ပြန်ရောက်သောအခါ မကျန်းမာသည့် ကျွန်မအား ရန်လုပ်၍ ကျွန်မဆန္ဒမပါဘဲ ၁၅-၈-၂၀၀၆ ရက်စွဲဖြင့် ၎င်း၏သဘောအလျောက် တစ်ဖက်သတ်လက်မှတ်ရေးထိုးထားသည့် ကွာရှင်းစာချုပ်အား ကျွန်မကိုပေး၍ ကိုယ့်လမ်းကိုယ်လျှောက်ရန်ပြောပြီး သမီးကိုခေါ်ဆောင်၍ နေအိမ်မှဆင်းသွားခဲ့ပါသည်။ ကျွန်မမှာ နေမကောင်းသေးသဖြင့် ညီမဖြစ်သူထံ သွားရောက်နေထိုင်ခဲ့ရပြီး ဦးမိုးသက်၏ မိခင်ကို ဖုန်းဆက်အသိပေးခဲ့ပါသည်။ ကျွန်မနှင့် ဦးမိုးသက်အား ကျွန်မဘက်မှ ညှိနှိုင်းစေ့စပ်သော်လည်း ၎င်းက လက်မခံဘဲ တရားဝင်ကွာရှင်းပေးရန်ကိုသာ အကြိမ်ကြိမ်တောင်းဆိုခဲ့ပါသည်။ သမီးမျက်နှာကိုထောက်ခြင်း၊ ကျွန်မတွင် အပြစ်မရှိခြင်းကြောင့် ကွာရှင်းမပေးလိုကြောင်း ဦးမိုးသက်နှင့် ၎င်း၏မိခင်ကို အကြိမ်ကြိမ်တောင်းပန်ပြောဆိုခဲ့သော်လည်း လက်မခံဘဲ ၉-၄-၂၀၀၇ ရက်တွင် သတင်းစာများ၌ တစ်ဖက်သတ်ကြေညာခဲ့ပါသည်။

သတင်းစာတွင်ပါရှိသည့် "မိမိ၏ လွတ်လပ်သော သဘောဆန္ဒအရ" လင်မယားအဖြစ်မှ ကွာရှင်းခွင့်တောင်းခဲ့သဖြင့်ဆိုသည်မှာ မမှန်ပါ။ ဦးမိုးသက်က တစ်ဖက်သတ်ရေးထိုးထားသည့် ကွာရှင်းပြတ်စဲစာချုပ်တွင် ကျွန်မ လက်မှတ်ရေးထိုးပေးခဲ့ခြင်းလည်းမရှိသဖြင့် တရားမဝင်ပါ။ ကျွန်မသည် ဦးမိုးသက်၏ တရားဝင်ဇနီးအဖြစ် ယနေ့တိုင်တည်ရှိနေဆဲဖြစ်ကြောင်း ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

ဒေါ်သီတာကို ၁၂/မဘန(နိုင်)၀၈၃၀၀၅
တိုက်၅၀၊ အခန်း၁၇၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ကဏန်းဒိုင်မှ အပုပ်နံ့မခံနိုင်

စာတည်းရှင့်-

မော်လမြိုင်မြို့ သီရိမြိုင်ရပ် ရွှေလမ်းရှိ ကဏန်းဒိုင်အိမ်တစ်အိမ်မှ ကဏန်းပုပ်နံ့ကို ပတ်ဝန်းကျင်ရှိ ပြည်သူများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူများ

မီးခိုးငွေ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက် ရွှေညောင်ပင်လမ်းရှိ မုန့်ဟင်းခါးဖိုမှ ထွက်သော မီးခိုးများကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စမ်းချောင်းသား

အရက်အဆီစပ်လုပ်ငန်းကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ထန်းပင်ကုန်းရပ်ကွက် မဉ္ဇူလမ်း ခြံတစ်ခြံ၌ လုပ်ကိုင်လျက်ရှိသော အရက်အဆီစပ်လုပ်ငန်းကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ထန်းပင်ကုန်းသား

ကားဘော်ဒီထုသံ ဆူဆူညံညံ

စာတည်းခင်ဗျား-

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် အသောကလမ်းနှင့် မြန်မာ့ဂုဏ်ရောင်လမ်းထောင့်ရှိ ကားဘော်ဒီလုပ်ငန်းသည် နေ့စဉ် နံနက် ၇နာရီမှ ညပိုင်းအထိ ကားဘော်ဒီထုရိုက်ခြင်း၊ ကားဆေးမှုတ်ခြင်း၊ သံဂဟေ ဆော်ခြင်းလုပ်ငန်းများကို တစ်နေကုန် လုပ်ကိုင်နေပါသဖြင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ နားမခံနိုင်ရုံမျှမက မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါ၍ ကားဘော်ဒီ ထုရိုက်ခြင်းလုပ်ငန်းကို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နတ်ချောင်းသား

ခေါက်ဆွဲဖိုကြောင့် စိတ်အနှောင့်အယှက်ဖြစ်

စာတည်းရှင့်-

စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ပိုင်း ဟံသာဝတီလမ်းမကြီးရှိ ခေါက်ဆွဲဖိုတစ်ဖိုကြောင့် လေထုညစ်ညမ်းခြင်း၊ မြောင်းပုပ်မှ ရေဆင်းမကောင်းခြင်း၊ မီးစက်သံ နားမခံသာအောင် ဆူညံခြင်းတို့ကြောင့် ရပ်ကွက်ပြည်သူများ အနှောင့်အယှက် ဖြစ်ရပါသဖြင့် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

နားမခံသာသူ

မီးသတ်ရေကန် ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ဒိုက်ဦးမြို့တွင် မီးသတ်ရေကန်ငါးကန်ရှိရာ ယင်းရေကန်များမှာ ချို့ယွင်း ပျက်စီးနေပါ၍ ပြုပြင်ပေးပါရန် တင်ပြ အပ်ပါသည်။

မီးဘေးစိုးရိမ်သူ

မီးစက်သံကြောင့် အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် စမ်းကြီးရပ် ရေသန့်စက်ရုံတစ်ရုံသည် နေ့စဉ် နံနက် ၆နာရီမှ ည ၁၀နာရီခန့်အထိ မီးစက်ကြီးမောင်းနှင်မှုကြောင့် မီးခိုးများ ထွက်ပေါ်နေသဖြင့် ရပ်ကွက်ပြည်သူများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်နေသူများ

ဇာပန်းထိုးစက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ၇ ရပ်ကွက် တက္ကသိုလ်ရိပ်မွန် ဥယျာဉ်မြို့တော်အိမ်ရာတွင် လေးခန်းတွဲ လေးထပ်တိုက်ခန်းများ ရှိပါသည်။ တိုက်အမှတ်(B -1)တိုက်ခန်းတစ်ခန်းတွင် မော်တာစက်ကြီးများ အသုံးပြုပြီး ဇာပန်းထိုးလုပ်ငန်းကို အချိန်သတ်မှတ်ချက်မရှိ လုပ်ကိုင်နေသဖြင့် ပတ်ဝန်းကျင်နေပြည်သူများ နားမခံနိုင်ဖြစ်ရပါသည်။ သို့ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဥယျာဉ်သား

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ညရပ်ကွက် ဘုမ္မာအရှေ့မြောင်းမကြီးများတွင် အမှိုက်များ၊ ကြွက်ကျစ်စာခဲများ ပိတ်ဆို့ပြီး ရေစီးဆင်းမှုမရှိပါသဖြင့် ဘုမ္မာလမ်းသွယ်အသီးသီးရှိ မြောင်းများမှာ ရေပြည့်လျှံပြီး နေအိမ်အောက်ပိုင်းတွင် ရေများစီးဝင်ခြင်းကြောင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဘုမ္မာအရှေ့သား

စည်းကမ်းမဲ့စားသောက်ဆိုင် အရေးယူဆောင်ရွက်ပြီးစီး

(၈-၁-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လားရှိုးမြို့ ရပ်ကွက် (၁၂) အဝေရာလမ်းသွယ်နှင့် ဟူးမွန်ကျေးရွာအနီးရှိ စည်းကမ်းမဲ့စားသောက်ဆိုင် အရေးယူပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပျော်ဘွယ်မြို့ သမိုင်းဝင် မင်းရာမစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်

ပျော်ဘွယ် မေ ၂

ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်အရှေ့ပိုင်း ရှေးဟောင်းသမိုင်းဝင် မင်းရာမစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်မှုများနှင့် ဓမ္မာရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ရက် နံနက် ၈နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေး၊ ပင်မအလှူရှင် ဦးအိထွေး-ဒေါ်မြင့်မြင့်ရီအောင်ဇမ္ဗူသကြားစက်မိသားစုနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ တက်ရောက်ကြသည်။ **(အပေါ်ဝဲပုံ)**

ဖွင့်လှစ်

ရှေးဦးစွာ စေတီတော်မှုခ်ဦးရှေ့၌ ဓမ္မာရုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ အလှူရှင်ဦးအိထွေးနှင့် ဆရာတော်ကြီးများက ဖွင့်လှစ်ပေးကြသည်။

စေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်မှုအစုစုအတွက် ငွေကျပ် သိန်း ၁၀၀၀ ကျော် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၂၅၀)**

ပြင်ဦးလွင်ခရိုင်ဥက္ကဋ္ဌဖလား စနူကာပြိုင်ပွဲဖွင့်

ပြင်ဦးလွင် ဧပြီ ၂၀

ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့ ဗိုလ်ချုပ်လမ်းရှိ ပုလဲခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်း ဘိလိယက်နှင့် စနူကာဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဆောင်ဆောင်စိန်က ပြိုင်ပွဲကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲအဓိကပံ့ပိုးသူ လပ်ကီးသောက်ရေသန့်ကုမ္ပဏီမှ စီမံခန့်ခွဲရေးမန်နေဂျာ ဦးမျိုးသန့်က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌက ပြိုင်ပွဲအထိမ်းအမှတ်အလံများကိုပေးအပ်ပြီး ပထမဘောလုံးထိုးချက်ဖြင့် ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ပေးအပ်ချီးမြှင့်

အဆိုပါပြိုင်ပွဲသို့ မန္တလေးမြို့နှင့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် အားကစားသမား ၁၁၃ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ဂုဏ်ပြုဆုများကို ထိုက်တန်စွာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပုံပါကျင်မြို့ သေီရိလမ်း ကိုယ့်အားကိုယ်ကိုး သစ်သားတံတား ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ဧပြီ ၉ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပါရဂူဘွဲ့ရ အရှင်နောဝိဇ္ဇာ ဂုဏ်ပြုပူဇော်ပွဲကျင်းပရေး ဆင်ဖြူကျွန်းဘ၌စည်းဝေး

ဆင်ဖြူကျွန်း မေ ၁

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါရဂူ(ပီအိပ်ချ်ဒီ) ဘွဲ့ ရရှိအောင်မြင်တော်မူသော ရဟန်းတော် အရှင်နောဝိဇ္ဇာအတွက် ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရေးအစည်းအဝေးကို ဧပြီ ၂၂ ရက် မွန်းလွဲ ၂နာရီက မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ဆုံကုန်ရွာ ရိပ်သာကျောင်း၌ ကျင်းပရာ တိုက်အုပ် အရှင်သုမင်္ဂလာသာမိ ကြွရောက်တော်မူ၍ သီလရှင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကောင်စီဝင်များ၊ ဗုဒ္ဓ ဓမ္မ သံဃာ့ဝေယျာဝစ္စ အကျိုးဆောင်များ၊ ဆရာဆရာမများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

သြဝါဒခံယူ

ဆရာဦးထွန်းထွန်းလင်းက အစီအစဉ်များကို လျှောက်ထားပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ အစည်းအဝေးစတင်၍ တိုက်အုပ်ဆရာတော်ထံမှ ငါးပါးသီလနှင့် သြဝါဒကို ခံယူကြသည်။

ကော်မတီဖွဲ့

ထို့နောက် သြဝါဒါစရိယ အရှင်သုမင်္ဂလာသာမိ၊ ဥက္ကဋ္ဌ ဦးမောင်မောင်အေး၊ အတွင်းရေးမှူး ဒေါက်တာရဲထွန်းတို့ ခေါင်းဆောင်သော ဒေါက်တာအရှင်နောဝိဇ္ဇာ ပညာဂုဏပူဇာသဘင်ကျင်းပရေးကော်မတီကို ဖွဲ့စည်းသည်။

အလှူငွေ

ဆက်လက်၍ ဆင်ဖြူကျွန်းမြို့ ဗုဒ္ဓဒေသနာတော် လေ့လာဖော်ထုတ်ရေးကော်မတီနှင့် မြောင်းဘောင်ရွာ တက်သီဟစာကြည့်တိုက်အဖွဲ့တို့၏ မတည်ငွေ ကျပ်သုံးသောင်းကို ဥပဒေ တတိယနှစ်ကျောင်းသူ မဆုသဒ္ဒါအောင်က လျှောက်ထား၍ အလှူငွေပေးအပ်ပြီး **(အပေါ်ပုံ)** ဂုဏ်ပြုပူဇော်ပွဲကို ကဆုန်လပြည့်ကျော် ၁ ရက်မှ စတင်၍ ကျင်းပရန် ဆုံးဖြတ်ကြသည်။ **(က-ပ)**

တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ယာယီအတွင်းရေးမှူး ဦးသန်းဌေးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ မတ် ၁၈ ရက်က မြို့တိုးချဲ့ရေပေးဝေရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ခုနစ်မြို့နယ်မှ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းသွေးလှူဒါန်း၊ အလှူငွေများပေးအပ်

မန္တလေး ဧပြီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၀ရက် နံနက် ၉ နာရီက မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

ထို့နောက် အလှူရှင်ဦးလှထွန်း-ဒေါ်စန်းစန်းဝေ၊ သားမောင်မင်းခိုင်ဖြိုး (ရှမ်းပျံမယ်)မိသားစုတို့က အလှူငွေ ကျပ်ငါးသောင်း ပေးအပ်လှူဒါန်းရာ ခရိုင်အသင်းအတွင်းရေးမှူး ဦးသောင်းဝေက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းအသင်း အတွင်းရေးမှူး ဦးဋ္ဌက ဦးကြံ့ခိုင်ဖြိုး၏ သွေးလှူရှင်များ လှူဒါန်းကြသော သွေးအိတ်ပေါင်း ၁၂၅ အိတ်ကို စုပေါင်းပေးအပ် လှူဒါန်းရာ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာခင်စိန်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် နမ့်ခမ်းဖောင် ချောင်းကူးတံတားဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ရပ်မိ ရပ်ဖ ဦးစိုင်းအိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လပြည့်ကျော် ၈ ရက်
၈-၅-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန် ဖိနပ်စက်ရုံရဲ့ထုတ်ကုန်များ)
၁၁း၃၀ မြန်မာ့မူဟန်ဓာတ်မာန် ဟောပြောချက် (မြန်မာ့စစ်ရေးဗျူဟာနှင့် မြင်းစီးတပ်ဖွဲ့) ညွှန့်ဟန်(ကြူတော)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ရေစီးတစ်ခါ ရေသာတစ်လှည့်၊ နီမာလာ)
၁၂း၂၀ ဓာတ်လမ်းပမာ နားဆင်စရာ (သေကံမရောက် သက်မပျောက်)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ဘဝတွက်တာ ကျွမ်းကျင်စရာ) (သင်းသင်းအောင်-ဘဝတွက်တာ)

ညနေပိုင်း

၁၆း၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) သူနာပြုဆရာမ (ပန်းကောက်တေးအဖွဲ့)
(၂) ကြက်ခြေနီ (မောင်ကိုကိုအဖွဲ့)
(၃) ဒို့များကြက်ခြေနီ (တက္ကသိုလ်လဲ့လဲ့နှင့်အဖွဲ့)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ရေတာရှည်မြို့နယ်၊မြို့လှမြို့က ဒေသထွက် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်း)
၁၇း၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ကြပါစို့) (ကျော်စွာငယ်)
၁၈း၂၅ ကျေးလက်ဓာတ်လမ်း (နွေကိုမြတ်နိုးသည်)
၁၉း၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကြာပင်)
၁၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) ချစ်လား (Rဇာနည်-ဆုန်သင်းပါရ်)
(၂) ကိုကိုနောက်ပိုးညာ (တူးတူး-မေခလာ)
(၃) မျက်နှာများတဲ့မောင် (ဖိုးငယ်-ချောစုခင်)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တစ်ပင်မှာတစ်ခါပဲနားမယ် (ချိုချိုစမ်းလေး)
(၂) ကိုယ့်ချစ်သူသာလှယမင်း (ကိုညွန့်ဝေ)
(၃) အိပ်မက်ပေးလို့ ချစ်ရေးဆိုသလား (လီလီကြာညွန့်)

ဗုဒ္ဓသာသနာငါးထောင်ခံ စေတီဗုဒ္ဓပူဇနိယပွဲကျင်းပ ဝဇီရကေတု စိန်ဖူးတော်ပင့်ဆောင်တင်လှူ ရှင်လေးပါးရဟန္တာမြတ်များ ဖောင်တော်ဖြင့်ရေမျှောပူဇော်

မြစ်ကြီးနား မေ ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မြောက်ဘက် ၂၇မိုင်အကွာရှိ မေခ–မလိခမြစ်ဆုံတွင် အင်းဝညောင်ရမ်းမိသားစုက ကောင်းမှုပြုတည်ထားသော ဉာဏ်တော် ၄၅ တောင်အမြင့်ရှိသည့် ဗုဒ္ဓသာသနာငါးထောင်ခံစေတီတော်၏ (၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲ တော်နှင့် ဝဇီရကေတုစိန်ဖူးတော်တင်လှူပူဇော်ပွဲကို မေ ၁ရက်နံနက်ပိုင်းက ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာစေတီတော်ကို ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ သစ်သီးတစ်ထောင်အစရှိသော ထောင်ကိုးလီဖြင့် ဆွမ်းတော်ကြီးတင်လှူပူဇော်ကြပြီး ကချင်ပြည်နယ် အင်ဂျန်းယန်မြို့ တပ်ဦးအောင်ဆုပန် ကျောင်းဆရာတော် အရှင်ဝိစာရိန္ဒဦးဆောင်၍ ဝဇီရကေတုစိန်ဖူးတော်ကို ကျောင်းတော်မှအခမ်းအနားဖြင့် ပင့်ဆောင်ပြီး စေတီတော်ကို လက်ယာရစ်ပူဇော်ကာ ပန်းရထားဖြင့် ဗုဒ္ဓသာသနာငါးထောင်ခံစေတီတော် အထွဋ်သို့ တင်လှူပူဇော်ကြသည်။

လောင်းလှူ

ထို့နောက် တိုင်းနှင့်ပြည်နယ် အသီးသီးမှ ကြွရောက်လာကြသည့် ပင့်သံဃာတော်အပါး ၅၀တို့အား ဆွမ်းဆန်တော်စိမ်းလောင်းလှူကြပြီး စုပေါင်းရဟန်းခံရှင်ပြုပွဲကို ကျင်းပသည်။

ရေမျှောပူဇော်

ဆက်လက်၍ညနေပိုင်းတွင် မေခ–မလိခမြစ်ဆုံရေဝတီမြစ်၏ အနီးရှိ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် အမှူးပြုသော ရှင်လေးပါးရဟန္တာမြတ်များအား မင်္ဂလာဖောင်တော်ဖြင့် ရေမျှောပူဇော်ပွဲကို ကျင်းပကြကြောင်း သိရသည်။

(က–ပ)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၆) ရပ်ကွက် သုခဝတီလမ်း အမှတ် (၂၂)နေ ဒေါ်ခင်ထားလတ် (၇၆) နှစ်ပြည့် မွေးနေ့ အဖြစ် ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူ ငွေ ကျပ် တစ်သိန်း ကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက် အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မန္တလေးမြို့ပါ…

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ရွှေသူဌေးလမ်း အမှတ် ၃၆/ ၄၅၈နေ ဦးထွန်းဉာဏ်– ဒေါ်စောရီမိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ) ရှေ့မှောက်၌လှူဒါန်းရာ အမှူးဆောင် ဒေါ်ခင်ကြည်က လက်ခံယူစဉ်။ (က–ပ)

မြင်းခြံခရိုင် ဥက္ကဋ္ဌ နွေနှမ်းဖြစ်ထွန်းမှု ကွင်းဆင်းကြည့်ရှု

မြင်းခြံ မေ ၂

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမိုးသည် ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ်၏ နွေနှမ်းစိုက်ပျိုးဖြစ်ထွန်းမှုကိုမေ ၁၉ ရက်က ကွင်းဆင်းကြည့်ရှုကြသည်။

မြင်းခြံခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျောက်ပန်းတောင်း မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ လိုက်ပါလျက် ကြက်မောက်တောင်ဆည်တွင် ဆည်ရေသောက် စိုက်ပျိုးထားသော နွေနှမ်းစိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုကြသည်။ **(၂၂၇)**

စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်

မော်လမြိုင် မေ ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ သုသမာစာရအဖွဲ့က ကြီးမှူး၍ အကြိမ် (၆၀)မြောက် ပရိယတ္တိစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား ဓမ္မပူဇာဆုနှင်းသဘင်ပွဲကို မေ ၂၉ ရက်က သုသမာစာရ အဖွဲ့ စာမေးပွဲနှင့် ဆုနှင်းသဘင်ခန်းမဆောင် မော်ကွန်းဓမ္မာရုံကြီးတွင် ကျင်းပရာ နာယကဆရာတော်ကြီးများ၊ ပြည်နယ်၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များ၊ကျောင်းထိုင်ဆရာတော်များနှင့် စာအောင်သံဃာတော် ၃၅ပါး ကြွရောက်တော်မူကြပြီး အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုလွှာ

အခမ်းအနားတွင် နှစ်စဉ်နှစ်တိုင်း အတန်းလိုက် ပထမဆုရ စာအောင်သံဃာတော်များအား လှူဒါန်းနိုင်ရန် သုသမာစာရအဖွဲ့ဥက္ကဋ္ဌ ဦးလှကြွယ်အား ရည်စူး၍ ဇနီးဖြစ်သူ ဒေါ်အေးကြည်နှင့် မိသားစုများက ငွေပဒေသာပင် ၁၁ သိန်းငါးသောင်းကို ပထမဆုရ စာအောင်သံဃာ လေးပါးအား ဆုအဖြစ် ငွေကျပ် ၉၅၀၀၀နှင့် ယခုနှစ် စာအောင်ဆုငွေကျပ် ၁၇၆၆၀၀အဖြစ် သုသမာစာရ အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ လှူဒါန်းရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)** (၁၆၈)

မြို့နယ် သတင်းများ

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၉ ကတ်ကို ပြည်သူများလက်ဝယ်သို့ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းတင်က ပေးအပ်စဉ်။ (က–ပ)

ကော့သောင်း ကျေးရွာစာကြည့်တိုက်အတွက် ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်မျိုးစုံ လှူဒါန်း

ကော့သောင်း မေ ၂၄

ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဘန်းကချွန်ကျေးရွာ ရှေ့ဆောင်စာကြည့်တိုက်သို့ ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်မျိုးစုံလှူဒါန်းပွဲ အခမ်းအနားကို မေ ၁၀ ရက် နံနက် ၈ နာရီက ဘန်းကချွန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေး၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ ကျေးရွာမှ အလှူရှင်များနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် ဥက္ကဋ္ဌက ရေဒီယို၊ ကက်ဆက်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် ဆွေးနွေးသည်။

ပေးအပ်

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌ ဦးမင်းအေးလွင်က ဘန်းကချွန်ကျေးရွာ ရှေ့ဆောင်စာကြည့်တိုက်အတွက် ရေဒီယိုကက်ဆက်ကို လှူဒါန်းပေးပြီး ဘန်းကချွန်ကျေးရွာမှ အလှူရှင် ဦးကျော်စိုးက ၁၈ မိုင်ကျေးရွာနှင့် ၁၄ မိုင်ကျေးရွာ စာကြည့်တိုက်အတွက် ရေဒီယိုကက်ဆက်တစ်လုံးနှင့် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

လှူဒါန်း

ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ရှိသူများက စာကြည့်တိုက်များအတွက် စာအုပ်စာစောင်စုစုပေါင်း အုပ် ၁၀၀လှူဒါန်းပြီး သူဌေးကျွန်းဟိုတယ်စာပေချစ်သူများက ဂျာနယ်အုပ် ၅၀၊ တူဒေးစာပေက မဂ္ဂဇင်းမျိုးစုံအုပ် ၃၀ စုစုပေါင်း စာအုပ်စာစောင်မျိုးစုံ အုပ်၁၈၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အရန်သားဖွားသင်တန်းဆင်းပွဲ မော်လိုက်၌ကျင်းပ သင်တန်းဆင်းလက်မှတ်နှင့် မွေးပုံးပေးအပ်

မော်လိုက် မေ ၂

တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့မှုဖြင့် ကျင်းပသော အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မော်လိုက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းလှိုင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင် ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ကြီးမောင်ကသင်တန်းဆင်းလက်မှတ် ပေးအပ်ခြင်း၊ မွေးပုံးများပေးအပ်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဦးအောင်သောင်း မုံရွာမြို့စက်မှုဇုန်ရှိ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံစစ်ဆေး လယ်ယာသုံးထွန်စက်ငယ်များ စမ်းသပ်မောင်းနှင်မှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် မေ ၄ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ ဝင်းသူဇာအရောင်းဆိုင် (မုံရွာ)သို့ရောက်ရှိကြပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများ ရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ ဝန်ကြီးက ရောင်းကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန်နှင့် ပတ်ဝန်းကျင်ကျေးရွာဒေသများသို့ ကုန်ပစ္စည်းများရောင်းချရန် မှာကြားသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့ စစ်ကိုင်းတိုင်း မုံရွာမြို့ ဝင်းသူဇာအရောင်းဆိုင်တွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

တီထွင်ထုတ်လုပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဆေးဆိုးပန်းရိုက်စက်ရုံ(မုံရွာ)သို့ရောက်ရှိကြပြီး စက်ရုံ၏ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြကာ ဝန်ကြီးက ခေတ်မီဆန်းသစ်လှပသော ပွင့်ရိုက်အထည်များကို တီထွင်ထုတ်လုပ်ကြရန် မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မုံရွာမြို့နယ် အင်တိုင်းကျေးရွာသို့သွားရောက်ကြပြီး ကောဝိဒါရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂိရအား သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

လေဖိအားနည်းရပ်ဝန်းပျက်ပြယ်

နေပြည်တော် မေ ၆

ယနေ့ မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ကုန်းတွင်းပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်ချောလမ်းနှင့်ကတ္တရာလမ်းသစ်ဖွင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေ

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၇ နာရီခွဲက ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ဇီးဖြူကျွန်း–သဇင်ရေကျော် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့် ပန်းတနော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်ခဲ့သည့် ပန်းတနော်မြို့ အင်ကြင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ပဲခူးမြို့ မိုးရေချိန် စံချိန်သစ်တင်

နေပြည်တော် မေ ၆

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၂၇ မီလီမီတာ ၈ ဒသမ ၉၄ လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၄၂ နှစ်အတွင်း မေလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၇၂ မီလီမီတာ ၆ ဒသမ ၇၇ လက်မဖြစ်ပြီး ၁၉၈၂ ခုနှစ် မေ ၅ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)